


# မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့

## ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ

၅ နှစ်တာ အထူးသုံးသပ်ချက်

**မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့**သည် မြေမြှုပ်မိုင်းတားဆီးရေးအပြည်ပြည်ဆိုင်ရာလှုံ့ဆော်မှုကြီး၏ လုပ်ငန်းခွဲတခုဖြစ်သည်။ ကမ္ဘာမြေကြီးပေါ်မှ မိုင်းအန္တရာယ်ဆိုးများ ဖယ်ရှားပစ်ရန်ရည်ရွယ်ချက်ဖြင့် မြေမြှုပ်မိုင်းတားဆီးရေးအပြည်ပြည်ဆိုင်ရာလှုံ့ဆော်မှုအဖွဲ့ကြီး(ICBL)ကို ၁၉၉၂ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ အဖွဲ့ကြီး၏စွမ်းဆောင်မှုများကြောင့် ၁၉၉၇ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ခံရသည်။ ယခုအခါ အဖွဲ့တွင် နိုင်ငံပေါင်း ၇၀ ကျော်မှ အစိုးရမဟုတ်သောတသီးပုဂ္ဂလအဖွဲ့ပေါင်း ၁၃၀၀ ပါဝင်နေသည်။

မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အနေဖြင့် ၁၉၉၇ ခုနှစ် မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ် အကောင်အထည်ဖေါ်မှုနှင့်ပတ်သက်၍ မှတ်တမ်းတင်ပြုစုသည်။ မြေမြှုပ်မိုင်းပြသနာဖြေရှင်းနိုင်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာလူ့အဖွဲ့အစည်းကြီး၏ စွမ်းဆောင်မှုများကိုအကဲဖြတ်သည်။ လူသားချင်းစာနာသောဥပဒေ သို့မဟုတ် လက်နက်ဖျက်သိမ်းရေးသဘောတူညီချက်တို့နှင့်ပတ်သက်နေသော တိုးတက်ဖြစ်ထွန်းမှုနှင့်ပြသနာများကို မှတ်တမ်းတင်ရန်နှင့်လေ့လာစောင့်ကြည့်ရန် ကမ္ဘာတဝှမ်းမှ အစိုးရမဟုတ်သောတသီးပုဂ္ဂအဖွဲ့များ စနစ်တကျနှင့်ရေရှည်ညှိနှိုင်းဆောင်ရွက်နေကြခြင်းမှာ တမူထူးခြားသည်။

၂၀၀၄ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာသည် ဆဋ္ဌမမြောက် အစီရင်ခံစာဖြစ်သကဲ့သို့ မြေမြှုပ်မိုင်းတားဆီးရေး ၅ နှစ်တာ လှုပ်ရှားမှုကို ပြန်လည်သုံးသပ်ထားသော အစီရင်ခံစာလည်းဖြစ်သည်။ မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ်ကို ၁၅၂ နိုင်ငံက အတည်ပြုပြီး သို့မဟုတ် လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ထိုနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံမပါဝင်ပေ။ လူကို ထိခိုက်စေသောမိုင်းများကို ပုံမှန်အသုံးပြုနေသောနှစ်နိုင်ငံစာရင်းတွင်မူ မြန်မာနိုင်ငံပါဝင်သည်။ မိုင်းတားဆီးရေးဆိုသည်မှာ နိုင်ငံအများစုက လက်ခံထားသော သဘောတရားတခုဖြစ်နေပေပြီ။

မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအစီရင်ခံစာသည် ၂၀၀၄ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာတွင်ဖေါ်ပြခံရသော ၁၉၂နိုင်ငံအစီရင်ခံစာများအနက်မှတခုဖြစ်သည်။ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးရန် စွမ်းဆောင်သောအလုပ်ကိုမလုပ်သလို စာချုပ်အကောင်အထည်ဖေါ်မှုကို ကြီးကြပ်နေခြင်းလည်းမဟုတ်ပါ။ မိုင်းများပိုင်ဆိုင်ခြင်းနှင့်အသုံးပြုခြင်းကိစ္စများတွင် သက်ဆိုင်ရာအစိုးရများ တာဝန်ခံမှုရှိလာစေရန်ရည်ရွယ်သောသာမန်ပြည်သူများ၏ စွမ်းဆောင်မှုသာဖြစ်သည်။ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသောနိုင်ငံများအနေဖြင့် စာချုပ်ပြဋ္ဌာန်းချက်အတိုင်း အစီရင်ခံစာလုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းရှိမရှိ စောင့်ကြည့်ရန်နှင့် စာချုပ်လက်မှတ်ရေးထိုးမထားသောနိုင်ငံများတွင် မြေမြှုပ်မိုင်းပြသနာနှင့် အစိုးရပေါ်လစီများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးလာစေရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းလည်းဖြစ်သည်။

မြေမြှုပ်မိုင်းကင်းစင်သောကမ္ဘာမြေဖြစ်လာရေးဦးတည်ချက်ရှိသောဆွေးနွေးမှုများကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က အားပေးသည်။ တကမ္ဘာလုံးအကျိုးရှိစေမည့် မှန်ကန်တိကျသည့် သတင်းအချက်အလက်များကို အစီရင်ခံတင်ပြရာတွင် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က စိတ်စေတနာသန့်သန့်ဖြင့် လုပ်ဆောင်သည်။ ဝေဖန်သည့်အချက်များပါဝင်သော်လည်း မှတ်တမ်းပြုစုရာနှင့် သုံးသပ်မှုပြုရာတွင် အပြုသဘောဆောင်ပါသည်။ မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး သုတေသနအလုပ်ကို အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့–အရှေ့တောင်အာရှရုံးမှ ဆောင်ရွက်သည်။ ဤအစီရင်ခံစာအတွက် တာဝန်ရှိသောသုတေသနမှူးများမှာ Yeshua Moser-Puangsuwan နှင့် Sirinrath Tesvisarn တို့ဖြစ်သည်။ ၁၉၉၉ခုနှစ်မှစ၍ အစီရင်ခံစာများကို နှစ်စဉ် မြန်မာဘာသာသို့ပြန်ဆိုပေးသူ ဦးခင်မောင်ဝင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

# မြန်မာနိုင်ငံ

*၂၀၀၃ခုနှစ်မေလမှစ၍အဓိကဖြစ်ထွန်းမှုများ–* မြန်မာစစ်တပ်နှင့် အနည်းဆုံးတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၅ဖွဲ့ မိုင်းအသုံး ပြုနေဆဲဖြစ်သည်။ မိုင်းအသုံးပြုသည့်စစ်ဆင်ရေးများ တိုးတက်လာသော လက္ခဏာရှိသည်။ အရပ်သားများကို စစ်ကြောင်းများရှေ့မှသွားစေ၍ မိုင်းရှင်းသောရက်စက်သည့် မိုင်းရှင်းနည်းသုံးနေကြောင်း အစီရင်ခံချက်များရှိသည်။ စစ်ရေးလမ်းစဉ် ကိုင်စွဲထားသော အတိုက်အခံအဖွဲ့သုံးဖွဲ့ ဂျီနီဗာတောင်းဆိုချက်တရပ်ဖြစ်သော Geneva Call of Deed of Commitment အားလက်မှတ်ရေးထိုးခြင်းအားဖြင့် မိုင်းအသုံးပြုမှုစွန့်လွှတ်ကြောင်း ကြေညာခဲ့သည်။ ထိုအဖွဲ့များမှာ ရခိုင်ရိုဟင်ဂျာအမျိုးသားအဖွဲ့အစည်း (Arakan Rohingya National Organization)၊ ရခိုင်အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (National United Party for Arakan)၊ အိန္ဒိယအခြေစိုက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (National Socialist Council of Nagaland) တို့ဖြစ်သည်။ ၂၀၀၃နှင့် ၂၀၀၄နှစ်များအတွင်း မိုင်းအန္တရာယ်ပညာပေးမှုများ တိုးချဲ့ခဲ့သည်။ ယခင်နှစ်များနှင့်မတူ မြေမြှုပ်မိုင်းကိစ္စတွင် မြန်မာနိုင်ငံကစိတ်ဝင်စားမှုများပြသခဲ့သည်။ ၂၀၀၃ နှင့် ၂၀၀၄တွင် ကုလသမဂ္ဂအေဂျင်စီများ မြေမြှုပ်မိုင်းကိစ္စတွင် ပိုမိုပါဝင်ပတ်သက် လာသည်။ ၂၀၀၄ခုနှစ် ဧပြီလတွင် မြေမြှုပ်မိုင်းတားဆီးရေး နိုင်ငံတကာလှုပ်ရှားမှုအဖွဲ့ ICBL နှင့် အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့တို့ပူးတွဲ၍ မိုင်းအသုံးပြုမှုတားဆီးရေးလှုံ့ဆော်မှု တခုလုပ်ခဲ့သည်။

*၁၉၉၉ခုနှစ်မှစ၍ အဓိကဖြစ်ထွန်းမှုများ–* အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် လူကိုထိခိုက်စေသောမိုင်းများ တောက်လျှောက်အသုံးပြုခဲ့ကြသည်။ သူပုန်အဖွဲ့ ၁၀ ဖွဲ့ မိုင်းအသုံးပြုနေကြောင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ၁၉၉၉ ခုနှစ်က အစီရင်ခံတင်ပြခဲ့သည်။ ၂၀၀၄ ခုနှစ်ရောက်သောအခါ ၁၅ ဖွဲ့အထိ တိုးလာသည်။ မြန်မာနိုင်ငံအနေဖြင့် လူကိုထိခိုက်စေသောမိုင်းများထုတ်လုပ်သည့်နိုင်ငံအနည်းငယ်စာရင်းတွင်ပါနေသေးသည်။ လူသားချင်းစာနာမှုအရ မိုင်းရှင်းလင်းရေးလုပ်ဆောင်ခြင်းမျိုးမတွေ့ရပေ။ အရပ်သားများကိုစစ်ကြောင်းများ ရှေ့ကဖြတ်လျှောက်စေကာ လူကိုကရိယာသဖွယ်အသုံးပြုသည့်မိုင်းရှင်းနည်းကို အစိုးရစစ်တပ်များ အသုံးပြုနေကြောင်း နှစ်စဉ်စွပ်စွဲခံနေရဆဲဖြစ်သည်။ မိုင်းထိခိုက်ဒဏ်ရာရမှုများနှင့်ပတ်သက်၍ စနစ်တကျစာရင်းပြုစုထားခြင်းမရှိပေ။ သို့သော် မြန်မာနိုင်ငံသည် နှစ်စဉ်မိုင်းထိခိုက်ဒဏ်ရာရမှု အများဆုံးနိုင်ငံများစာရင်းတွင်ပါဝင်နေသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာကြက်ခြေနီတို့နှင့်ပူးပေါင်း၍ စိတ်ဓါတ်ရေးရာအရ ပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ်ကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ၁၉၉၉ခုနှစ်တွင် ပြန်လည်လုပ်ဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်

တွင် ရှပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ရေးစခန်းနှင့် ခြေတုလက်တုဌာနတခုကို ကရင်ပြည်နယ် ဖါးအံမြို့တွင် ဖွင့်လှစ်ခဲ့သည်။

## မိုင်းဗုံးတားဆီးရေးပေါ်လစီ

မြန်မာနိုင်ငံအစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နယက) အနေဖြင့် မိုင်းဗုံးတားဆီးရေးသဘောတူစာချုပ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းမရှိသေးပါ။[၁] အော်တိုဝါ လုပ်ငန်းစဉ် အစည်းအဝေးများ၊ သဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးမှုများ၊ လက်မှတ်ရေးထိုးပွဲများတွင်လည်းပါဝင်ခြင်းမရှိပါ။ မြေမြှုပ်မိုင်းတားဆီးရေးအတွက် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်တရပ်ရရှိအောင် လုပ်ဆောင်ရေးဖေါ်ပြထားသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ၁၉၉၆ ခုနှစ်ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံကမဲပေးထောက်ခံခဲ့သည်။ ထိုအချိန်မှစ၍ ၂၀၀၃ခုနှစ် ဒီဇင်ဘာလကချမှတ်သော ဆုံးဖြတ်ချက်အပါအဝင် မိုင်းတားဆီးရေးဆိုင်ရာအထွေထွေညီလာခံ ဆုံးဖြတ်ချက်များတွင် မြန်မာနိုင်ငံက မဲမပေးပဲနေခဲ့ပြန်သည်။

၁၉၉၆မှ ၂၀၀၂ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ မိုင်းတားဆီးရေး အစည်းအဝေးများသို့ မြန်မာနိုင်ငံတက်ရောက်ခြင်းမရှိခဲ့ပေ။ ၂၀၀၃ ခုနှစ်တွင် မိုင်းနှင့်ပတ်သက်သော ကိစ္စရပ်တချို့တွင် စိတ်ဝင်စားမှုပြသလာသည်။ ၂၀၀၃ ခုနှစ် ဖေဖေါ်ဝါရီလတွင်ကျင်းပသော မိုင်းတားဆီးရေး အမြဲတမ်းကော်မတီအစည်းအဝေးအပြီး၊ ဂျီနီဗာရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့က မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးသုတေသီနှင့် ကုလသမဂ္ဂမိုင်းဆိုင်ရာ အရေးယူဆောင်ရွက်ရေးလုပ်ငန်းဌာနတို့ကို တွေ့ဆုံခဲ့သည်။[၂] ၂၀၀၃ ခုနှစ် ဩဂုတ်လက ဘန်ကောက်တွင်ကျင်းပသည့် လူကိုထိခိုက်စေသောမိုင်းဆိုင်ရာနှီးနှောဖလှယ်ပွဲသို့ မြန်မာကြက်ခြေနီနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပူးတွဲကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ပြည်တွင်းသူပုန်ထမှုများကြောင့် မိုင်းတားဆီးရေးသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံအနေဖြင့် အ

---

[၁] လက်ရှိတိုင်းပြည်အုပ်ချုပ်နေသော စစ်အစိုးရက နိုင်ငံအမည်ကို Burma မှ Myanmar သို့ ပြောင်းလဲခဲ့သည်။ တိုင်းပြည်ရှိ တိုင်းရင်းသားအုပ်စုများကမူ Burma ဟူသောအမည်ကို ဆက်လက်အသုံးပြုနေသေးသည်။ ဤအစီရင်ခံစာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒ၊ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ဖေါ်ပြရန်ရှိပါက Myanmar ဟုသုံးကာ ကျန်နေရာများတွင် Burma ဟု အသုံးပြုမည်။

[၂] ထိုအစည်းအဝေးများကို မြန်မာကိုယ်စားလှယ်များတက်ရောက်ခြင်းမရှိပေ။ အတွင်းဝန် ဒေါ်အေးအေးမူက အမြဲတမ်းကော်မတီအစည်းအဝေးများသို့တက်ရောက်ရန် အခက်အခဲမရှိကြောင်း ပြောခဲ့သော်လည်း ၂၀၀၃ ခုနှစ် မေလ၊ ၂၀၀၄ခုနှစ် ဖေဖေါ်ဝါရီနှင့် ဇွန်လများတွင် ကျင်းပသော အစည်းအဝေးများသို့ တက်ရောက်ခြင်းမရှိပေ။

ခက်ကြုံနေရကြောင်း နှီးနှောဖလှယ်ပွဲတက်ရောက်သူများက ထောက်ပြခဲ့သည်။[၃] ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလကကျင်းပသော မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ်အဖွဲ့ဝင်များ၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေးသို့ ထိုင်းနိုင်ငံရှိမြန်မာသံရုံးမှ ကိုယ်စားလှယ်နှစ်ဦး တက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်ခြင်းမှာ မိုင်းတားဆီးရေးကိစ္စများတွင် မြန်မာကိုယ်စားလှယ်များအနေဖြင့် ပထမဆုံးအကြိမ် တရားဝင်လေ့လာခြင်းဖြစ်သည်။[၄] ၂၀၀၄ ခုနှစ် ဧပြီလ ၂၆–၂၈ ရက်များတွင် တရုတ်နိုင်ငံကူမင်းမြို့၌ကျင်းပသော မိုင်းရှင်းလင်းရေးနည်းပညာနှင့်ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာအစိုးရအရာရှိတဦး တက်ရောက်ခဲ့သည်။[၅]

အာစီယံကိုယ်စား ၂၀၀၃ ခုနှစ် အောက်တိုဘာလက ကုလသမဂ္ဂအထွေထွေညီလာခံသို့ မိန့်ခွန်းပြောကြားရာတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က ဤသို့ပြောကြားခဲ့သည်။ “ပထမဦးဆုံးအကြိမ်အဖြစ် ထိုင်းနိုင်ငံဘန်ကောက်မြို့မှာ ကျင်းပခဲ့တဲ့ မြေမြှုပ်မိုင်းတားဆီးရေး သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပဉ္စမအကြိမ်အစည်းအဝေးကို ကျနော်တို့ သတိပြုမိပါတယ်။ မိုင်းဝေဒနာရှင်တွေကိုအကူအညီပိုပေးနိုင်ရေး၊ မိုင်းရှင်းလင်းရေးနည်းပညာ၊ ပစ္စည်းကရိယာနဲ့ငွေရေးကြေးရေးကိစ္စတွေနဲ့ပတ်သက်လို့ မိုင်းပြဿနာရှိနေတဲ့နိုင်ငံတွေကို အကူအညီပေးကြဖို့ နိုင်ငံတကာ အသိုင်းအဝိုင်းကို ကျနော်တို့မေတ္တာရပ်ခံပါတယ်။”[၆]

၂၀၀၀ခုနှစ် ဇန်နဝါရီလတွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက မိုင်းတားဆီးရေးကိစ္စကို ပေါ်လစီအဖြစ်တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ “မိုင်းတားဆီးရေးသဘောတူစာချုပ်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးကို အမျိုးသားရေးတာဝန်အနေဖြင့် ဦးစားပေးဆောင်ရွက်ရန် ပြည်သူ့လွှတ်တော်ကျင်းပသောအခါ တင်ပြပါမည်” ဟု ထိုကြေညာချက်တွင်ဖော်ပြသည်။[၇]

---

၃ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံမြေမြှုပ်မိုင်းတားဆီးရေးအဖွဲ့တို့နှင့်ပူးပေါင်း၍ အရပ်သားလူ့အဖွဲ့အစည်းများ၊ သတင်းဌာနများနှင့်ပညာရှင်များအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး–အာရှဌာနက ထိုညီလာခံကို ကျင်းပခြင်းဖြစ်သည်။

၄ ဒုတိယအတွင်းဝန် မိုးနိုင်အောင်နှင့် အခြားအတွင်းဝန်တဦးဖြစ်သူ ဦးလှဖေတန် တို့က တရားဝင် ဖွင့်ပွဲအခမ်းအနားနှင့် မွန်းလွဲပိုင်းအစီအစဉ်တရပ်တို့ကို တက်ရောက်ခဲ့သည်။ သို့သော် သူတို့တက်ရောက်ခြင်းနှင့်ပတ်သက်၍ အစိုးရညွှန်ကြားတစုံတရာမရှိကြောင်းပြောသည်။

၅ ကူမင်းရှိ မြန်မာအတွင်းဝန် ဦးသက်ဝင်း တက်ရောက်ခဲ့ခြင်းဖြစ်ပြီး၊ လူသိရှင်ကြား ဆွေးနွေးမှုများ မလုပ်ခဲ့ပေ။

၆ ကုလသမဂ္ဂအထွေထွေညီလာခံ၊ ပထမကော်မတီသို့ အာစီယံကိုယ်စား ဂျီနီဗာအခြေစိုက် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမြသန်းပြောကြားသော မိန့်ခွန်း၊ နယူးယောက်မြို့၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်။

၇ ထိုင်းမြေမြှုပ်မိုင်းတားဆီးရေးအဖွဲ့ သတင်းထုတ်ပြန်ချက်၊ မတ်လ ၁ရက်နေ့၊ ၂၀၀၀ခုနှစ်။ ၁၉၉၀ ပြည့်နှစ်က အရွေးခံထားရသူများ ပါလီမန်တွင် တာဝန်ထမ်းဆောင်ခွင့်မရသေးပါ။ ဥပဒေအရ အပ်နှင်းခံထားရသောတာဝန်များ ထမ်းဆောင်ရန်အတွက် ရွေးချယ်ခံထားရသော အဓိကနိုင်ငံရေးပါတီများက ၁၉၉၈ ခုနှစ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်များတွင် မြန်မာနိုင်ငံ မြေမြှုပ်မိုင်း ပြဿနာများတွင် ပိုမိုပါဝင်ပတ်သက်လာသည်။ တိုင်းပြည်အတွင်းမှ မြေမြှုပ်မိုင်းပြဿနာတွင် ပါဝင်လုပ်ဆောင်နိုင်သောနည်းနားများနှင့်ပတ်သက်၍ ကုလသမဂ္ဂအေဂျင်စီများ ၂၀၀၃ ခုနှစ်အတွင်း သုံးသပ်မှုများပြုလုပ်ခဲ့သည်။[၈] ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်က မြေမြှုပ်မိုင်းပြဿနာဆွေးနွေးပွဲတခုကို ကမကထပြုကျင်းပပေးခဲ့ရာ၊ ငြိမ်းချမ်း ရေးနိုဗယ်ဆုရှင် ဂျော်ဒီ–ဝီလီယံနှင့် မြေမြှုပ်မိုင်တားဆီးမှုလှုံ့ဆော်ရေးအဖွဲ့ ညှိနှိုင်းရေးမှူး ဘာစတိန်းတို့ တက်ရောက်ဆွေးနွေးခဲ့သည်။[၉] ပဋိပက္ခ၌ပါဝင်ပတ်သက်နေသော ခလေးသူငယ်များကိစ္စ တာဝန်ယူရန် ကုလသမဂ္ဂခလေးများရံပုံငွေအဖွဲ့က ၂၀၀၃ ခုနှစ် နှစ်လည်တွင် ညှိနှိုင်းရေးမှူးတဦး ခန့်အပ်ခဲ့သည်။ ထိုသူ၏တာဝန်များထဲတွင် မြေမြှုပ်မိုင်းကိစ္စမှာထိပ်တန်းမှပါဝင်သည်။[၁၀] မြေမြှုပ်မိုင်းတားဆီးရေးသဘောတူစာချုပ်သို့ဝင်ရောက်ရေး အရေးတကြီးပြင်ဆင်လုပ်ဆောင်ရန် ၂၀၀၄ ခုနှစ် ဧပြီလကချမှတ်သော ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံအား တောင်းဆိုထားသည်။[၁၁]

မိုင်းအသုံးပြုမှုတားဆီးရေးလှုပ်ဆော်မှုတရပ်ကို မြေမြှုပ်မိုင်းတားဆီးရေးအဖွဲ့က ၂၀၀၄ ခုနှစ် ဧပြီလတွင်လုပ်ဆောင်ခဲ့သည်။ မိုင်းအသုံးပြုမှုလုံးဝရပ်ဆိုင်းရေးသို့ ဦးတည်စေမည့် ပထမခြေလှမ်းအဖြစ် ပတ်သက်မှုရှိသောအဖွဲ့များ ဆွေးနွေးမှုတရပ်စတင်လုပ်ဆောင်ရန် စည်းရုံးခဲ့သည်။ အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ အရှေ့တောင်အာရှရုံးခွဲမှ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး အစီရင်ခံစာများကို ၁၉၉၉ ခုနှစ်ကတည်းက မြန်မာဘာသာပြန်ဆိုကာ ပြည်တွင်းနှင့် မိုင်းပြဿနာအကြီးမားဆုံးရှိသော နယ်စပ်ဒေသများတွင် ဖြန့်ဝေပေးခဲ့သည်။ သုတေသနနှင့် အကောင်အထည်ဖေါ်ရေးလုပ်ငန်းစဉ်ကိစ္စများစောင်းပေးသည့် မိုင်းတားဆီးရေးအစီအစဉ်တရပ်ကို ၂၀၀၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က လုပ်ဆောင်ခဲ့သည်။ မြေမြှုပ်မိုင်းကိစ္စဆွေးနွေးမှုနှင့် အကောင်အထည်မှုများရှိလာအောင် ထိုအစီအစဉ်က မြန်မာစစ်အစိုးရ၊ အတိုက်အခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အစိုးရထိမ်းချုပ်မှုမရှိသည့် အဖွဲ့များကို စည်းရုံးခဲ့သည်။[၁၂] ၂၀၀၃ ခုနှစ် ဒီဇင်ဘာလက နယက နှင့် ကရင်အမျိုးသားအစည်းအရုံးတို့

---

[၈] ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့်တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ နိုဝင်ဘာလ ၂၀၀၃ ခုနှစ်။

[၉] *၂၀၀၃ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ*၊ စာမျက်နှာ ၅၆၃ တွင်ရှု။

[၁၀] အရှေ့တော်အာရှနှင့် ပစိဖိတ်ဒေသရုံးတွင် တာဝန်ထမ်းဆောင်သော အဆိုပါအရာရှိသည် မြန်မာနိုင်ငံမြေမြှုပ်မိုင်းကိစ္စဆွေးနွေးရန် ယူနီဆက်နှင့်အခြားအဖွဲ့များအကြား တိုင်ပင်ဆွေးနွေးမှုများ လုပ်ပေးခဲ့ပြီး၊ မိုင်းအန္တရာယ်ပညာပေးမှုများလုပ်ဆောင်ရန် လိုအပ်ချက်များကိုလည်း သုံးသပ်ခဲ့သည်။

[၁၁] ကုလသမဂ္ဂစီးပွါးရေးနှင့်လူမှုရေးကောင်စီ၊ "မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေ"၊ E/CN.4/2004/L.34, ဧပြီလ ၉ရက်နေ့၊ ၂၀၀၄ခုနှစ်။

[၁၂] *၂၀၀၂ ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ*၊ စာမျက်နှာ ၆၂၄–၆၂၅ တွင်ရှု။

တွေ့ဆုံဆွေးနွေး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပြုလုပ်သောအခါ မြေမြှုပ်မိုင်းပြဿနာကိုအသိအမှတ်ပြုကာ အရေးယူဆောင်ရွက်မှုများရှိလာစေရန် နှစ်ဖက်စလုံးကို ထိုင်းနိုင်ငံမြေမြှုပ်မိုင်းတားဆီးရေးအဖွဲ့က မေတ္တာရပ်ခံခဲ့သည်။[၁၃]

## အသုံးပြုမှု

ပြည်တွင်းစစ်တလျှောက်လုံးတွင် မြန်မာအစိုးရစစ်တပ်များနှင့် တိုင်းရင်းသားသူပုန်အဖွဲ့များ မြေမြှုပ်မိုင်းကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့သည်။[၁၄] ၂၀၀၀–၂၀၀၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၀၂–၂၀၀၃ ခုနှစ်များတွင်စစ်ရေးလှုပ်ရှားမှုများလာပြီး မိုင်းအသုံးပြုမှုလည်းများလာကြောင်း ကရင်ပြည်နယ် လုပလိမြို့နယ်အတွင်းမှ လူထုကျန်းမာရေးဝန်ထမ်းများက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အားပြောကြားသည်။[၁၅] ကရင်အမျိုးအသားလွတ်မြောက်ရေးတပ်မတော် (KNLA) ထိမ်းချုပ်နယ်မြေများအတွင်း စစ်ဆင်မှုတရပ် မြန်မာစစ်တပ်နှင့် ကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA) တို့ ပူးတွဲပြုလုပ်ခဲ့စဉ် ဖက်အားလုံးက မြေမြှုပ်မိုင်းများအသုံးပြုခဲ့သည်။ KNLA စစ်သားများ သွားလာရာလမ်းတလျှောက်တွင် မြန်မာစစ်တပ်က မိုင်းထောင်ခဲ့သည်။[၁၆] ထိုတိုက်ပွဲများကြောင့် မိုင်းဝေဒနာရှင်အများစုပါဝင်သော တိုက်ပွဲဒဏ်ရာရလူနာများကို ပို၍ကုသပေးလာရကြောင်း နယ်ခြားမဲ့ဆရာဝန်များအဖွဲ့(MSF) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့(ICRC) တို့က ပြောကြားသည်။[၁၇]

---

[၁၃] အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုလုပ်သောအခါ မိုင်းနယ်မြေများကို တိတိကျကျသတ်မှတ်ဖေါ်ပြရန်၊ နောက်ထပ်မိုင်းထောင်ခြင်းမပြုရန်၊ မိုင်းရှင်းလင်းရေးလုပ်ရန်အတွက် ကုလသမဂ္ဂမှ အကူအညီများတောင်းခံရန် အဆိုပါအဖွဲ့ သတင်းထုတ်ပြန်ချက်တွင် တောင်းဆိုထားသည်။ ဘန်ကောက်၊ မတ်လ ၁ ရက်၊ ၂၀၀၄ခုနှစ်။

[၁၄] စစ်ရေးတိုက်ပွဲတွင်ပါဝင်နေသော အဖွဲ့အားလုံး မြေမြှုပ်မိုင်းများအသုံးပြုသည် ဟု ၂၀၀၃ ခုနှစ် မတ်လခရီးစဉ်အတွင်း ရလာသောအတွေ့အကြုံအပေါ်မူတည်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်က သုံးသပ်သည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အထူးကိုယ်စားလှယ်က ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ထံ တင်သွင်းသော ကြားဖြတ်အစီရင်ခံစာ၊ ၂၀၀၃ခုနှစ် ဩဂုတ်လ ၅ ရက်နေ့၊ A/58/219, point 61။

[၁၅] အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက် လှုပ်ရှားမှုအဖွဲ့က စီစဉ်သော မိုင်းအန္တရယ်ပညာပေးမှုသင်တန်းကာလအတွင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ ဆွေးနွေးချက်၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ ၂၀၀၃ခုနှစ်၊ အောက်တိုဘာလ ၃ရက်။

[၁၆] မြန်မာစစ်တပ်အရာရှိတဦးပြောကြားသော သတင်းအချက်အလက်၊ စက်တင်ဘာ–အောက်တိုဘာ ၂၀၀၃ ခုနှစ်။

[၁၇] ပြည်တွင်း၌ အိုးအိမ်မဲ့နေရသူများအား အကူအညီပေးရေးအဖွဲ့ (CCSDPT) အစည်းအဝေးတွင် MSF နှင့် ICRC ကိုယ်စားလှယ်များ နှုတ်ဖြင့်ပြောကြားချက်၊ ထိုအစည်းအဝေးသို့ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ သုတေသီများလည်းတက်ရောက်ခဲ့သည်။ ဘန်ကောက် စက်တင်ဘာ ၁၀

ယခင် *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အစီရင်ခံစာများ*တွင် အသေးစိတ်ဖော်ပြထားသကဲ့သို့ပင်၊ မြန်မာ့တပ်မတော်နှင့် အနောက်ဖက်ရှိ နစက တပ်ဖွဲ့များ လူကိုထိခိုက်စေသည့်မိုင်းများ အသုံးပြုလျက်ရှိသည်။[၁၈] ရန်သူသွားလာရာလမ်းကြောင်းများနှင့် မိမိတို့တပ်စခန်းများကို ကာကွယ်ရန်အတွက် ထိုတပ်ဖွဲ့များက မိုင်းကိုအသုံးပြုသည်။ ထို့အပြင် အရပ်သားများ သွားလာရာလမ်းများတွင်လည်း မိုင်းထောင်လေ့ရှိသည်။ သောင်းကျန်းသူ အမြစ်ဖြတ်ရေး စီမံချက်ကာလအတွင်း ပြောင်းရွှေ့ခံရသောရွာသားများ ပြန်မလာအောင်တားမြစ်ရန် ရွာများအနီးတွင်လည်း မြန်မာစစ်တပ်က မိုင်းထောင်လေ့ရှိသည်။[၁၉] ဖါးအံခရိုင်အတွင်းမှ ကရင်ရွာသားများ သုံးကြိမ်တိုင်တိုင် ပြောင်းရွှေ့ခဲ့ရဖူးသည်။ ထိုရွာသားများက မြန်မာစစ်တပ်အသုံးပြုသော မိုင်းခြောက်မျိုးကို ပြောပြနိုင်သည်။[၂၀] လူသွားလမ်းများတွင် မိုင်းထောင်ထားကြောင်း ကရင်နီပြည်နယ်အတွင်းမှရွာသားများကို နယက စစ်တပ်က သတိပေးပြောကြားဖူးသည်။[၂၁]

တနင်္သာရီတိုင်းအတွင်း၌လည်း ၁၉၉၉၊ ၂၀၀၀ နှင့် ၂၀၀၁ ခုနှစ်များအတွင်း မြန်မာအစိုးရတပ်ဖွဲ့များ မိုင်းထောင်ခဲ့ကြောင်း သိရသည်။[၂၂] ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်နှင့်

---

ရက်နှင့် အောက်တိုဘာ ၈ ရက်၊ ၂၀၀၃ ခုနှစ်။ CCSDPT သည် ထိုင်းမြန်မာနယ်စပ် ဒုက္ခသည်များကို အကူ အညီပေးနေသော NGO အဖွဲ့များ ညှိနှိုင်းဆောင်ရွက်သော လုပ်ငန်းစဉ်တခုဖြစ်သည်။

[၁၈] အသုံးပြုသောတပ်များနှင့် အသုံးအများဆုံးနေရာများကို ယခင်နှစ်အစီရင်ခံစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

[၁၉] ကရင်လူ့အခွင့်အရေးအဖွဲ့၊ "ဖါပွန်နှင့် ညောင်လေးပင်ခရိုင်၊ နအဖ၏ ခြောက်သွေ့ရာသီ စစ်ဆင်ရေးများ"၊ ဧပြီလ ၅ရက်၊ ၂၀၀၂ခုနှစ်၊ စာမျက်နှာ ၁–၃။

[၂၀] ချူတီမမာ ဆွတ်ဆိုင်၊ "လုံခြုံမှုကင်းမဲ့ရခြင်းနှင့်ပတ်သက်၍ ကရင်လွတ်မြောက်နယ်မြေအတွင်းရှိကိုခေးကျေးရွာတွင်ပြုလုပ်သောသုတေသနပြုချက်၊ ၂၀၀၂ခုနှစ်"။ ဂျီနီဗာအခြေစိုက် လက်နက်ငယ် စစ်တမ်းအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှု အဖွဲ့တို့အတွက် အဆိုပါသုတေသနကို ပြုလုပ်ခြင်းဖြစ်သည်။ ရွာသားများပြောပြသော မိုင်းခြောက်မျိုးမှာ ၁–ပျွန်နှင့် ပြုလုပ်ထားသော တရုတ်လုပ်မိုင်းအဝိုင်းများ၊ ၂– သုံးနှစ်အထိ အာနိသင်ရှိနေသော ပလစတစ်မိုင်းများ၊ ၃– ပျွန်နှင့်ပြုလုပ်သော ရုရှားလုပ်မိုင်းများ၊ ၄– တရုတ်လုပ်မိုင်းအဝိုင်းများ၊ ၅– ကလေမိုး မိုင်းများ၊ ၆– ပြင်ပအားထိရောက်မှုရှိလျှင် ပေါက်ကွဲနိုင်သည့် ထောင်ချောက်မိုင်းများ တို့ဖြစ်သည်။

[၂၁] တောင်ပိုင်းတိုင်းလက်အောက်ခံ စစ်မဟာဗျူဟာဌာနမှ ၂၀၀၂ခုနှစ် မတ်လ ၁၇ ရက်နေ့က ထုတ်ပြန်သောအမိန့်၊ ထိုအမိန့်မိတ္တူကို ကရင်လူ့အခွင့်အရေးအဖွဲ့က မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အား ပေးအပ်ခဲ့သည်။

[၂၂] *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၀ခုနှစ် အစီရင်ခံစာ* စာမျက်နှာ ၄၇၀၊ နှင့် *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၂ခုနှစ် အစီရင်ခံစာ* စာမျက်နှာ ၆၂၅ တွင်ရှု။ ၂၀၀၁ခုနှစ်အတွင်း လူကိုထိခိုက်စေသောမိုင်းများထောင်သည့် တပ်ဖွဲ့များကိုလည်း ဖော်ပြထားသည်။

မြန်မာစစ်တပ်များ ထိုင်းနယ်မြေအတွင်း၌ မိုင်းများထောင်ခဲ့ကြောင်း ထိုင်းအစိုးရက စွပ်စွဲသည်။[၂၃] ၁၉၉၉ နှင့် ၂၀၀၀ ခုနှစ်များအတွင်း ၎င်းတို့နယ်မြေအတွင်း မြန်မာစစ်တပ်က မိုင်းထောင်ခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံက စွပ်စွဲခဲ့သည်။[၂၄] ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများထံမှ အလားတူစွပ်စွဲချက်များ ၂၀၀၁ခုနှစ်နောက်ပိုင်းမှစ၍ မကြားရတော့ပေ။

## ထုတ်လုပ်ခြင်း၊ လွှဲပြောင်းပေးခြင်းနှင့် သိုလှောင်ထားခြင်း

တရုတ်အမျိုးအစား ၅၉ မိုင်းကို အခြေခံထားသည် MM1 မိုင်းနှင့် တရုတ်အမျိုးအစား ၅၈ မိုင်းကိုအခြေခံထားသည့် MM2 မိုင်းများကို မြန်မာနိုင်ငံက ထုတ်လုပ်သည်။ မြေမြှုပ်မိုင်းများကို မြန်မာနိုင်ငံအလယ်ပိုင်း ပြည်မြို့ရှိ မြန်မာ့ကာကွယ်ရေးပစ္စည်းစက်ရုံ အမှတ်၄တွင် ထုတ်လုပ်သည်။[၂၅]

၂၀၀၃ ခုနှစ် နှောင်းပိုင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံအားရောင်းချရန် ကမ်းလှမ်းခဲ့သည်မှအပ၊ မြန်မာနိုင်ငံအနေဖြင့် လူကိုထိခိုက်စေသောမိုင်းများနှင့် အစိတ်အပိုင်းများ တင်ပို့ရောင်းချကြောင်း သတင်းများမကြားသိရပေ။[၂၆] မြန်မာနိုင်ငံအနေဖြင့် မိုင်းများတင်ပို့ရောင်းချခြင်းကိုတားမြစ်သည့် ပေါ်လစီရှိသည်ဟုဆိုသည်၊ သို့သော် တရားဝင်ပေါ်လစီအဖြစ် ထုတ်ပြန်ခြင်းမပြုပေ။[၂၇] အတိတ်က ကရင်ဗုဒ္ဓဘာသာတပ်မတော်အား မြန်မာစစ်တပ်က မြေမြှုပ်မိုင်းအပါအဝင်လက်နက်များထောက်ပံ့ပေးခဲ့သည်။[၂၈]

---

[၂၃] ထိုင်းနိုင်ငံခြားရေးဌာနအရာရှိ ဝါဆာနာ နန်နူဝမ် နှင့် တွေ့ဆုံမေးမြန်းခြင်း၊ "မူးယစ်ဆေးဝါးစိုက်ပျိုးခြင်းကို တားမြစ်ရန်အတွက် တောင်ကုန်းကို သိမ်းယူသည်"၊ *Bangkok Post*၊ မေလ ၁၂ ရက်၊ ၂၀၀၁ ခုနှစ်။

[၂၄] *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၁ခုနှစ်အစီရင်ခံစာ*၊ စာမျက်နှာ ၄၃၃ တွင်ရှု။

[၂၅] သားကောင်ကတက်နင်းမိလျှင် ပေါက်ကွဲစေသည့်နည်းဖြင့် ကလေမိုးမိုင်းကို အသုံးပြုသည်ဟုဆိုသည်။ ၅၉ အမျိုးအစားမိုင်းကိုမူ ရာသီဒဏ်ခံသောအကာဖြင့် ပြုလုပ်ထားသည်။

[၂၆] "ကာကွယ်ရေးပစ္စည်း ပြုပြင်ရေးကို ရန်ကုန်ကမျက်စိကျနေ"၊ *The Daily Star*၊ ဒက္ကာ၊ စက်တင်ဘာလ ၂၁ ရက်၊ ၂၀၀၃ခုနှစ်။ အဖွဲ့ဝင် ၁၂ ဦးပါသော မြန်မာစစ်တပ်ကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၀၃ခုနှစ် စက်တင်ဘာလအတွင်း လည်ပတ်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး ဦးဆောင်သည်။

[၂၇] မြန်မာနိုင်ငံအနေဖြင့် "လူကိုထိခိုက်စေသောမိုင်းများ တင်ပို့ရောင်းချခြင်း၊ လွှဲပြောင်းခြင်းနှင့် ပစ်မှတ်မရွေးအသုံးပြုခြင်းတားမြစ်ရေး" ကိုထောက်ခံသည်ဟု ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ် ဦးမြသန်းက ပြောသည်။ လူကိုထိခိုက်သော မိုင်းနှင့်ပတ်သက်၍ မဲခွဲရာတွင်ရှင်းလင်းပြောကြားချက် (ရက်စွဲမပါ)၊ ၅၂ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံ၊ ၁၉၉၆ခုနှစ်။ *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၀ ခုနှစ် အစီရင်ခံစာ* စာမျက်နှာ ၄၆၉ တွင်ရှု။

[၂၈] DKBA တပ်မှူးဟောင်းတဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ သက်ကရရွာ၊ မြန်မာနိုင်ငံ၊ နိုဝင်ဘာလ ၃၀ရက်၊ ၂၀၀၁ခုနှစ်။ နယကမှ DKBA ထံလွှဲပြောင်းပေးခြင်းများ ၂၀၀၀ ခုနှစ်တွင် ရပ်နားခဲ့ဟန်တူသည်။

လူကိုထိခိုက်စေသော မိုင်းအမျိုးအစား၊ သိုလှောင်ထားသည့် အရေအတွက်နှင့် ပတ်သက်၍ မြန်မာအစိုးရက တရားဝင်ကြေညာလေ့မရှိပေ။ ယခင်နှစ်အစီရင်ခံစာများတွင် ဖေါ်ပြထားသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် လူကိုထိခိုက်စေသောမိုင်းများ တရုတ်၊ အိန္ဒိယ၊ ဆိုဗီယက်၊ အမေရိကန်ပြည်ထောင်စုနှင့် အခြားအမည်မသိထုတ်လုပ်သူများထံမှ ရရှိသည်။[၂၉]

## အစိုးရထိမ်းချုပ်မှုမရှိသောအဖွဲ့များ– မိုင်းအသုံးပြုမှု

မြန်မာနိုင်ငံတွင် လက်နက်ကိုင်နိုင်ငံရေးအဖွဲ့များစွာရှိသည်။[၃၀] လူကိုထိစေသော မိုင်းအသုံးပြုနေသည့် အတိုက်အခံအဖွဲ့ ၁၅ ဖွဲ့ရှိကြောင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က အတည်ပြုပြီးဖြစ်သည်။[၃၁] ထို့အဖွဲ့များမှာ ရှမ်းပြည်တပ်မတော်၊ ကရင်နီတပ်မတော်၊ ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၊ ပြည်သူ့ကာကွယ်ရေးတပ်၊ မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး၊ ဝအမျိုးသားတပ်မတော်၊ ပအို့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ကချင်အမျိုးသားတပ်မတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာမူ ဆလင်များသမဂ္ဂနှင့် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်အမည်ဖြင့် ကရင်ပြည်နယ်တောင်ပိုင်းတွင်

---

[၂၉] "မြန်မာနိုင်ငံမှလူမသိသောမိုင်းကွင်းများ"၊ *Jane's Intelligence Review*, အတွဲ ၁၂၊ အမှတ်စဉ် ၁၀၊ အောက်တိုဘာ ၂၀၀၀ ခုနှစ်။ "မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းများ၊ စစ်ဘက်ဆိုင်ရာ"၊ လေ့လာရေးစာတမ်း ၃၅၂၊ ဩစတြေးလျ အမျိုးသားတက္ကသိုလ်၊ ကာကွယ်ရေးနှင့် မဟာဗျူဟာလေ့လာရေးဌာန၊ နိုဝင်ဘာလ ၂၀၀ ခုနှစ်။ ပါဝင်သော မိုင်းအမျိုးအစားများမှာ တရုတ်လုပ် ၅၈၊ ၅၉၊ ၆၉၊ ၇၂ က။ ရုရှားလုပ် POMZ 2, POMZ 2M, PMN, PMD-6,။ အမေရိကန်လုပ် M-14, M-16A1, M-18။ ဗြိတိန်နှင့် အိန္ဒိယလုပ် LTM-73, LTM-76။

[၃၀] တိုင်းရင်းသားနှင့် သူပုန်အဖွဲ့များတွင်ရှိသော လက်နက်ကိုင်အင်အားမှ ၄၅၀၀၀ ကျော်ဖြစ်ကြောင်း ဌာနတခုက ခန့်မှန်းသည်၊ နိုင်ငံတကာမဟာဗျူဟာလေ့လာရေးဌာန၊ *၂၀၀၃–၂၀၀၄ စစ်အင်အားအခြေပြစာရင်း* (လန်ဒန်၊ အောက်စဖို့ တက္ကသိုလ်ပုံနှိပ်တိုက်)၊ စာမျက်နှာ ၁၆၆။ ထိုအဖွဲ့များ အနေဖြင့် အပစ်အခတ်ရပ်စဲရေးအတွက် နှုတ်သဘောတူညီချက်ရှိသော်လည်း တရားဝင်လက်မှတ်ရေး ထိုးထားသောအဖွဲ့မှာ တဖွဲ့သာရှိသေးသည်။ အဖွဲ့အားလုံးလက်နက်ကိုင်ဆောင်ထားပြီး ငြိမ်းချမ်းရေးအတွက် အဆင့်တိုးလုပ်ဆောင်မှုမျိုးမရှိပေ။

[၃၁] ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံများတွင် ၁၉၉၉–၂၀၀၄ခုနှစ်များအတွင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းချက်များအတွင်း လူကိုထိုက်ခိုက်စေသောမိုင်းများအသုံးပြုကြောင်း ထိုအဖွဲ့များကဝန်ခံခဲ့သည်။ ထိုသို့အသုံးပြုကြောင်းကို ဒုက္ခသည်များ၊ အလုပ်သမားများ၊ လူသားချင်းစာနာမှု ကယ်ဆယ်ရေးလုပ်နေသူများ၊ ဘာသာရေးအဖွဲ့များ၊ ဆေးကုသရေးအဖွဲ့များနှင့် တွေ့ဆုံမေးမြန်းခြင်းဖြင့်လည်း အတည်ပြုထားသည်။

လှုပ်ရှားနေသောအဖွဲ့များဖြစ်သည်။[၃၂] မိုင်းအသုံးပြုခဲ့ပြီး၊ အခုအခါစစ်ရေးလှုပ်ရှားမှုရပ်စဲရန် သဘောတူညီမှုရယူထားသောအဖွဲ့များအနက် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်နှင့် ဒီမိုကရက်တစ်ဗုဒ္ဓဘာသာကရင်တပ်မတော်တို့ ပါဝင်သည်။[၃၃] အပစ်အခတ်ရပ်စဲရေး အဖွဲ့တခုဖြစ်သည့် မွန်ပြည်သစ်ပါတီမနေဖြင့် ခွဲထွက်အဖွဲ့တခုဖြစ်သော ဟံသာဝတီပြန်လည်တည်ဆောက်ရေးပါတီနှင့် ၂၀၀၂ ခုနှစ်ကဖြစ်ပွါးသောစစ်ဆင်ရေးများတွင် မိုင်းများပြန်လည်အသုံးပြုလာသည်။ ဟံသာဝတီပြည်လည်တည်ဆောက်ရေးပါတီကလည်း မိုင်းများအသုံးပြုသည်။[၃၄]

ထိုအဖွဲ့များအပြင် ကယန်းပြည်သစ်ပါတီနှင့် ကရင်နီပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦးတို့ ကရင်နီပြည်နယ်အတွင်း မိုင်းများအသုံးပြုခဲ့ကြောင်း သတင်းများရရှိသည်။ သို့သော် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က အတည်မပြုနိုင်ခဲ့ပေ။[၃၅]

၂၀၀၃ ခုနှစ်အတွင်း မိုင်းအများဆုံးအသုံးပြုခဲ့သော အတိုက်အခံအဖွဲ့မှာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဖြစ်ဟန်တူသည်။ မြန်မာစစ်တပ် တိုက်ခိုက်မှုကြောင့် ဆုတ်ခွါရသောအခါများတွင် မိုင်းထောင်ထားခဲ့ခြင်းဖြစ်သည်။ "ကျနော်တို့ ဆုတ်ခွါခဲ့ရပေမဲ့ စစ်ပွဲအရှုံးပေးတာမဟုတ်ပါဘူး၊ မိုင်းတွေထောင်ခဲ့ပြီးတော့ ကျနော်တို့နယ်မြေကို ဆက်လက်ကာကွယ်ထားနိုင်ပါတယ်၊ ကျနော်တို့နယ်ထဲကျူံလာယင် သူတို့တွေ အန္တရယ်နဲ့ရင်ဆိုင်ရလိမ့်မယ်"လို့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်မှူးတဦးက ပြောသည်။[၃၆]

---

[၃၂] ထိုစစ်ကြောင်းများမှာ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်၏ စစ်ရေးတောင်ပံ လက်အောက်ခံများဖြစ်သည်။ ထိုအဖွဲ့များထဲတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ပြည်ချစ်ပါတီနှင့် အခြားအဖွဲ့များပါသည်။

[၃၃] အပစ်အခတ်ရပ်စဲရန် လက်နက်ကိုင်အဖွဲ့ တဒါဇင်ခန့် နယက နှင့် သဘောတူထားသည်။ အပစ်အခတ်ရပ်စဲရေးဟုဆိုသော်လည်း နိုင်ငံရေးအဖြေရသည်အထိ ဆွေးနွေးလုပ်ဆောင်ခြင်းမျိုးမရှိပေ။ အဖွဲ့အားလုံး မိုင်းများအပါအဝင် လက်နက်များကိုင်ဆောင်ထားပြီး အချင်းချင်းတိုက်ခိုက်မှုများနှင့် အခြားကိစ္စများအတွက် အသုံးပြုနေကြသည်။

[၃၄] ထိုအဖွဲ့များ မိုင်းလက်ဝယ်ရှိကြောင်းနှင့် အသုံးပြုကြောင်းကို ထိုအဖွဲ့ခေါင်းဆောင်များနှင့် မြေမြှုပ်မိုင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ တွေ့ဆုံမေးမြန်းချက်များအရ သိရသည်။ တွေ့ဆုံးမေးမြန်းခြင်းများကို ထိုင်းနိုင်ငံ ချင်းမိုင်း၊ မယ်ဟောင်ဆောင်၊ မယ်စရင်းယန်း၊ မဲဆောက်၊ ကန်ချနဘူရီ၊ စံခလဘူရီ မြို့များတွင် ၂၀၀၁မှ ၂၀၀၃ ခုနှစ်များအတွင်း ပြုလုပ်ခဲ့သည်။

[၃၅] အမည်မသိအဖွဲ့များက ကရင်နီပြည်နယ်အတွင်း အဆိုပါနှစ်ဖွဲ့လှုပ်ရှားနယ်မြေများအတွင်း မိုင်းများထောင်နေကြောင်းသတင်းများရရှိသည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲတွင်သာလှုပ်ရှားနေတော့သော ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့အား မိုင်းအသုံးပြုသောအဖွဲ့များစာရင်းမှ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ဖယ်ထုတ်ခဲ့ပြီးဖြစ်သည်။

[၃၆] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဗိုလ်မှူးကြီးဖေါ်ဒိုး ပြောကြားချက်၊ *ဒီမိုကရက်တစ်မြန်မာ့အသံ* အသံလွှင့်ချက်၊ အောက်တိုဘာ ၂၄၊ ၂၀၀၃ ခုနှစ်။

ငင်းတို့နယ်မြေအတွင်း စစ်ဆင်ရေးနှင့် ရင်ဆိုင်လာရသောအခါ ရှင်သန်ရပ်တည်နိုင်ရေး အတွက် မြေမြှုပ်မိုင်းများမှာ မရှိမဖြစ်လိုအပ်ကြောင်း အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အထွေထွေအတွင်းရေးမှူး ဇင်ကောင်း (Zing z Cung) ကပြောသည်။[၃၇]

မိုင်းအသုံးပြုနေဆဲ ၁၅ ဖွဲ့အနေဖြင့် အသုံးပြုမှုရပ်ဆိုင်းမည့် သဘောထား ဖော်ပြခြင်းမရှိသေးပေ။ သို့သော် စစ်ရေးလမ်းစဉ်ကိုင်စွဲထားဆဲ အဖွဲ့သုံးဖွဲ့ကမူ ဂျီနီဗာတောင်းဆိုချက် တရပ်ဖြစ်သော Geneva Call of Deed of Commitment အားလက်မှတ်ရေးထိုးခြင်းဖြင့် မိုင်းအသုံးပြုမှု စွန့်လွှတ်ကြောင်း လူသိရှင်ကြားကြေညာခဲ့သည်။ ထိုသုံးဖွဲ့မှာ မြန်မာနိုင်ငံအနောက်ဖက် အိန္ဒိယနှင့် ဘင်္ဂလားဒေ့နယ်စပ်တို့တွင် အခြေစိုက်သည်။ အိန္ဒိယနှင့်မြန်မာနယ်စပ်မှ ပြည်သူများကို ကိုယ်စားပြုသည်ဆိုသော နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီက ထိုတောင်းဆိုချက်ကို အောက်တိုဘာလ ၂၀၀၃ ခုနှစ်၊ ၂၁ ရက်က လက်မှတ်ရေးထိုးသည်။ ရခိုင်လွတ်လပ်ရေး မဟာမိတ်အဖွဲ့ချုပ်အဖြစ် စုပေါင်းဖွဲ့စည်းထားသော ရခိုင်ရိုဟင်ဂျာအမျိုးသားအဖွဲ့အစည်း(ARNO) နှင့် ရခိုင်အမျိုးသားစည်းလုံးညီညွတ်ရေးပါတီတို့က ထိုတောင်းဆိုချက်ကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထိုမဟာမိတ်အဖွဲ့မှာ ဘင်္ဂလားဒေ့–မြန်မာနယ်စပ်တွင် အခြေစိုက်သည့် အကြီးဆုံးအစိုးရဆန့်ကျင်ရေးအဖွဲ့ဖြစ်သည်။ လက်မှတ်ရေးထိုးပွဲတွင် ARNO ဥက္ကဋ္ဌက "မိုင်းကြောင့် လူအများအပြားသေဆုံးခဲ့ရပြီးဖြစ်တယ်၊ မိုင်းရှိနယ်မြေတွေကိုလည်း အမှတ်အသားပြု သတ်မှတ်ထားခြင်းမရှိပါဘူး၊ မိုင်းဝေဒနာရှင်တွေဟာလည်း ဆေးဝါးကုသမှုနဲ့ အကူအညီတွေမရရှိဘူး" ဟုပြောကြားခဲ့သည်။[၃၈]

မြေမြှုပ်မိုင်းတားဆီးမှုလှုံ့ဆော်ရေးအဖွဲ့နှင့် ဂျီနီဗာတောင်းဆိုချက်လုပ်ငန်းအဖွဲ့တို့ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့က ဘန်ကောက်၌ကျင်းပသော "မြေမြှုပ်မိုင်းတားဆီးရေးတွင် အစိုးရထိမ်းချုပ်မှုမရှိသောအဖွဲ့များ ပါဝင်ခြင်းနှင့်ပတ်သက်၍ ပြန်သုံးသပ်ခြင်း၊ အနာဂါတ်အတွက်ပြင်ဆင်ခြင်း"အမည်ရှိ နှီးနှောဖလှယ်ပွဲသို့ ကရင်အမျိုးသားအစည်းအရုံးမှ အဖွဲ့ဝင်တဦး တက်ရောက်ခဲ့သည်။

---

[၃၇] အထွေထွေအတွင်းရေးမှူး ဇင်ကောင်း နှင့်တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုလာလ ၃ရက်၊ ၂၀၀၃ခုနှစ်။ ၁၉၇၆ ခုနှစ်က ဖွဲ့စည်းသော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုသည် ရန်ကုန်အစိုးရကို ဆန့်ကျင်နေသော တိုင်းရင်းသားလက်နက်ကိုင် ၉ ဖွဲ့၏ တပ်ပေါင်းစုဖြစ်သည်။

[၃၈] ဂျီနီဗာတောင်းဆိုချက် သတင်းထုတ်ပြန်ချက်တွင်ရှု၊ "နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီက လူကိုထိခိုက်စေသော မိုင်းအသုံးမပြုရန် ထုတ်ဖော်ပြောကြား"၊ အောက်တိုဘာ ၁၇ ရက်၊ ၂၀၀၃ခုနှစ်။ "လူကိုထိခိုက်စေသောမိုင်းများ အသုံးပြုမှုရပ်ဆိုင်းရန် မြန်မာသူပုန်များ သံဓိဋ္ဌာန်ပြု"၊ ဒီဇင်ဘာ ၅ရက်၊ ၂၀၀၃ခုနှစ်။ www.genevacall.org ၌လည်း ဖတ်ရှုနိုင်သည်။

## အစိုးရထိမ်းချုပ်မှုမရှိသောအဖွဲ့များ– ထုတ်လုပ်ခြင်း၊ လွှဲပြောင်းပေးခြင်းနှင့်သိုလှောင်ထားခြင်း

ဖျာထွက်မိုင်း၊ ရှေ့ထွက်မိုင်းနှင့် ကလေမိုးအမျိုးအစား မိုင်းများအပါအဝင် မိုင်းမျိုးစုံကို လက်နက်ကိုင်အဖွဲ့အများအပြား ထုတ်လုပ်နိုင်စွမ်းရှိသည်။[၃၉] ရန်သူကဖယ်ရှားခြင်းမပြုနိုင်အောင် စီမံထားသော ပလစတစ်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်မိုင်းတမျိုးကို ကရင်ပြည်နယ်မှ ပြည်သူ့စစ်တယောက်က မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ပြသခဲ့သည်။ တချို့လက်နက်ကိုင်အဖွဲ့များက လူကိုထိခိုက်စေသောမိုင်း သို့မဟုတ် မိုင်းအဖြစ်ပြောင်းလဲနိုင်သောပစ္စည်းများရှိသည်ဟု ဝန်ခံပြောကြားသော်လည်း အရေအတွက်မည်မျှရှိကြောင်း ထုတ်ဖော်လေ့မရှိပေ။ ပေါက်ကွဲပစ္စည်း တကီလိုလျှင် ထိုင်းဘတ် ၃၀၀ (အမေရိကန် ၇ ဒေါ်လာ)နှုန်းဖြင့် အစိုးရထိမ်းချုပ်မှုမရှိသောအဖွဲ့တခုက အခြားအဖွဲ့တခုထံမှ ဝယ်ယူခဲ့ကြောင်း၊ ထိုပေါက်ကွဲပစ္စည်းများမှာ ၁၀ နှစ်စာ အသုံးပြုဖို့လုံလောက်ကြောင်း ထိုအဖွဲ့ တပ်မှူးတဦးက ထုတ်ဖော်ပြောဆိုသည်။ မိုင်းတလုံးထုတ်လုပ်ရန်အတွက် ပေါက်ကွဲပစ္စည်းနှင့်အခြားပစ္စည်း တဒေါ်လာကုန်ကျကြောင်း ထိုတပ်မှူးကပြောသည်။[၄၀]

အစိုးရထိမ်းချုပ်မှုမရှိသည့်အဖွဲ့များ လက်ဝယ်၌ရှိသောမိုင်းများမှာ နယက တပ်ဖွဲ့များထောင်ထားသည့်မိုင်းကို ဖော်ယူခြင်းဖြင့်လည်းကောင်း၊ စစ်ဆင်ရေးအတွင်း နယက စစ်တပ်စခန်းများသိမ်းမိရာမှလည်းကောင်း ရရှိလာကြသည်။[၄၁] စက်ရုံများမှထုတ်လုပ်သောမိုင်းများကိုမူ လက်နက်မှောင်ခိုဈေးကွက်များမှ ဝယ်ယူရရှိကြသည်။

မြန်မာစစ်တပ်မှ မိုင်းများရရှိကြောင်းနှင့် တချို့မိုင်းများကို DKBA ကိုယ်တိုင် ထုတ်လုပ်ကြောင်း DKBA စစ်သည်ဟောင်းများက ပြောသည်။ မြဝတီမြို့အနီး DKBA ထိမ်းချုပ်နယ်မြေအတွင်း သစ်ထုတ်လုပ်ရေးလုပ်ကိုင် နေသောထိုင်းစီးပွါးရေးသမားများထံမှ မိုင်းနှင့်မိုင်းပြုလုပ်နိုင်သောပစ္စည်းများဝယ်ယူခဲ့ကြောင်း ထို DKBA စစ်သည်ဟောင်းများကပင် ပြောသည်။[၄၂]

မိုင်းအသုံးပြုကြောင်း အထက်၌ဖော်ပြခဲ့သောအဖွဲ့များအပြင် မိုင်းသိုလှောင်ထားသည့်အခြားအဖွဲ့များလည်းရှိသေးသည်။ ၁၉၉၃ ခုနှစ် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုလုပ်သည့်

---

[၃၉] အစိုးရထိမ်းချုပ်မှုမရှိသော အဖွဲ့များထုတ်လုပ်သိုလှောင်ထားသည့် ကလေမိုးမိုင်း၊ ပလစတစ်ဖြင့်လုပ်ထားသောမိုင်းတမျိုးနှင့် ဖေါက်ခွဲပစ္စည်းအဖြစ်သို့ ပြောင်းလဲထုတ်လုပ်နိုင်သည့် ပစ္စည်းမျိုးစုံကို အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ မိုင်းအန္တရယ်ပညာပေးအစီအစဉ် ကိုယ်စားလှယ်အဖွဲ့အား ခရီးစဉ်တခုအတွင်းပြသခဲ့သည်။ အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ (အဖွဲ့တွင်း)အစီရင်ခံစာ၊ ဧပြီလ ၂၀၀၄ခုနှစ်။

[၄၀] တိုင်းရင်းသား အဖွဲ့ တပ်မှူးတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဧပြီလ၊ ၂၀၀၁ ခုနှစ်။

[၄၁] လွန်ခဲ့သည့် သုံးနှစ်အတွင်း အစိုးရထိမ်းချုပ်မှုမရှိသည့်အဖွဲ့များ ပိုင်ဆိုင်ထားသော မိုင်းများကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ကရိုက်ယူခဲ့သော ဓါတ်ပုံမှတ်တမ်းများကိုအခြေခံခန့်မှန်းချက်။

[၄၂] ကရင်ဗုဒ္ဓဘာသာတပ်မတော် အဖွဲ့ဝင်ဟောင်းများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ သက်ကရရွာ၊ မြန်မာနိုင်ငံ၊ နိုဝင်ဘာလ ၃၀ ရက်၊ ၂၀၀၁ ခုနှစ်။

အချိန်မှစ၍ မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ မကြားသိရသော်လည်း ကချင်ပြည်လွတ်မြောက်ရေး တပ်မတော်အနေဖြင့် မိုင်းများပိုင်ဆိုင်နေဆဲဟု ယုံကြည်ရသည်။

ဂျီနီဗာတောင်းဆိုချက်ကို လက်မှတ်ရေးထိုးခဲ့သည့်နှင့်အညီ ရခိုင်ရိုဟင်ဂျာအမျိုးသား အဖွဲ့အစည်း၊ ရခိုင်အမျိုးသားစည်းလုံးညီညွတ်ရေးပါတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ တို့သည် ၎င်းတို့လက်ဝယ်တွင် သိုလှောင်ထားသော မိုင်းအရေအတွက် မည်မျှရှိကြောင်း ထုတ်ပြန်ကြေညာသင့်သည်။[၄၃] လူကိုထိခိုက်စေသောမိုင်းများ သိုလှောင်ထားရှိကြောင်း ရခိုင်ရိုဟင်ဂျာ အမျိုးသားအဖွဲ့အစည်းက ဝန်ခံပြောကြားထားပြီးဖြစ်သည်။

## မြေမြှုပ်မိုင်းပြဿနာ

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်း ၁၄ ခုအနက် ၉ ခုမှာ မိုင်းရှိနယ်မြေများဖြစ်ပြီး၊ မြန်မာနိုင်ငံအရှေ့ဖက်ခြမ်းဒေသမှာ မိုင်းအထူထပ်ဆုံးဒေသဖြစ်သည်။ ထိုင်းနိုင်ငံနှင့် နယ်နိမိတ် ထိစပ်နေသောပြည်နယ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနယ်စပ်နယ်နိမိတ်အများစုတွင် မိုင်းများထောင်ထားသည်။ အိန္ဒိယမြန်မာနယ်စပ်တချို့တွင်လည်း မိုင်းထူထပ်စွာချထားသည်။

ထိုင်းနယ်စပ်အနီး ဒေါနတောင်တန်းနှင့် သောင်ရင်းမြစ်ကမ်းတလျှောက်တွင်လည်း မိုင်းများ ထူထပ်စွာချထားကြောင်းသိရသည်။ ယခင် KNLA အခြေစိုက်စခန်းများအဖြစ် အသုံးချခဲ့သော ကရင်ပြည်နယ်အတွင်းမှတောင်တန်းများတွင် မိုင်းများထူထပ်စွာချထားမှုကြောင့် လူမသွားရနယ်မြေဖြစ်နေသည်မှာ ဆယ်စုနှစ်တခုပင် ကျော်နေပေပြီ။ ဖါးအံမြို့ တောင်ဖက်၊ အရှေ့ဖက်နှင့် မြောက်ဖက်နယ်မြေများ၊ မြဝတီမြို့ အနောက်ဖက်၊ တောင်ဖက်နှင့် မြောက်ဖက်နယ်မြေများနှင့် ကရင်ပြည်နယ် ဒူးပလာ‌းခရိုင်အတွင်းမှ နယ်မြေများမှာ မိုင်းထူထပ်သောနယ်မြေများဖြစ်သည်။ မွန်လူမျိုးများထဲမှ လက်နက်ကိုင်အဖွဲ့အစည်းနှစ်ခု အချင်းချင်းတိုက်ခိုက်မှုကြောင့် မွန်ပြည်နယ်တွင်လည်း မိုင်းထောင်မှုများရှိလာသည်။ ထိုင်းနယ်စပ်အနီးမှ ဟလော့ခနီဒုက္ခသည်စခန်း တဝိုက်တွင်လည်း မိုင်းများထောင်ထားသည်။ ကရင်နီပြည်နယ်အလယ်ပိုင်းရှိ လောပိတရေအားလျှပ်စစ်စက်ရုံအား သူပုန်များလာရောက်တိုက်ခိုက်ခြင်းမှကာကွယ်ရန် အနီးတဝိုက်တွင် မိုင်းများထောင်ထားသည်။ ကရင်နီပြည်နယ်အလယ်ပိုင်းတွင်ပင်ရှိသော ရတနာတောင်တန်းတွင် သူပုန်အဖွဲ့နှင့် အစိုးရတပ်ဖွဲ့များ ကျောက်မျက်ရတနာထုတ်လုပ်နေသည့်အတွက် မိုင်းများအပြန်အလှန်ထောင်ထားကြသည်။[၄၄]

---

[၄၃] အစိုးရထိမ်းချုပ်မှုမရှိသော အဖွဲ့များအနေဖြင့် သိုလှောင်ထားသော မိုင်းအရေအတွက် မည်မျှရှိကြောင်း ဖေါ်ပြရန် ထိုအဖွဲ့များထံ ဂျီနီဗာတောင်းဆိုချက်က ၂၀၀၄ခုနှစ် နှစ်လယ်ပိုင်းတွင် စာပို့ရန် စီစဉ်နေသည်။ အကယ်၍ ထိုစာရရှိပါက တောင်းဆိုချက်ကို လက်မှတ်ရေးထိုးထားသည့် အစိုးရထိမ်းချုပ်မှုမရှိသော အဖွဲ့များအနေဖြင့် မိုင်းအရေအတွက် မည်မျှရှိကြောင်းကို ရက် ၉၀ အတွင်း ထုတ်ပြန်ရပေမည်။

[၄၄] မိုင်းနယ်မြေများအကြောင်းပိုမိုသိရှိလိုပါက *မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၃ ခုနှစ် အစီရင်ခံစာ*၊ စာမျက်နှာ ၅၆၅–၅၆၆ တွင်ရှု။

အရပ်သားများ သွားလာလှုပ်ရှားရာနေရာအနီးတဝိုက်တွင်လည်း စစ်တပ်က မိုင်းများ ထောင်လေ့ရှိသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းချက်များ အရသက်ရှိထင်ရှားရှိနေသော မိုင်းဝေဒနာရှင်များအနက် ၁၄ ရာခိုင်နှုန်းမှာ ရွာမှကီလိုမီတာဝက် အ ကွာအဝေးတွင် မိုင်းထိကြခြင်းဖြစ်သည်။ ဖ၃ ရာနှုန်းခန့်မှာ မိုင်းမထိခင်က ထိုနေရာများသို့ ဝင် ထွက်သွားလာဖူးသူများဖြစ်သည်။[၄၅] ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဖါးအံခရိုင်အတွင်းမှ ကျေး ရွာများသို့သွားရောက်ခဲ့သော တသီးပုဂ္ဂလအဖွဲ့မှဝန်ထမ်းတဦးက သူသွားရောက်ခဲ့သော ရွာများ မှ ၅ မိနစ်ခရီးအတွင်း၌ပင် မိုင်းများထောင်ထားသည်ဟု ၂၀၀၄ ခုနှစ်အတွင်း ပြောကြားသည်။[၄၆]

နယ်စပ်ဖွံ့ဖြိုးရေး အစီအစဉ်လုပ်ဆောင်ရန် ထိုင်းဝန်ကြီးချုပ်အဆိုပြုသောနယ်မြေများ ကို စစ်ဆေးရန်အတွက် မြန်မာပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့တခုကို ၂၀၀၃ခုနှစ် နှောင်းပိုင်းက စေလွှတ်ခဲ့သည်။ ထိုဒေသတွင် မိုင်းများထူထပ်စွာချထားရာ ဒေသဖွံ့ဖြိုးရေးလုပ် နိုင်ဖို့အတွက် မိုင်းရှင်းလင်းရေးကို စနစ်တကျလုပ်ရန်လိုကြောင်း အစီရင်ခံတင်ပြခဲ့သည်။[၄၇] မယ် ဟောင်ဆောင်ခရိုင်တဖက်ခြမ်း၌ အငြင်းပွါးဖွယ်ရာဖြစ်နေသော သံလွင်ရေကာတာတည်ဆောက် ရန်အတွက် ငှါးရမ်းထားသောလုပ်ငန်းရှင်များက ဒေသအတွင်းမိုင်းများထူထပ်စွာချထားသဖြင့် တည်ဆောက်ရေးပစ္စည်းများနယ်စပ်ကျော်ဖြတ် ပို့ဆောင်ခြင်းမလုပ်နိုင်သေးကြောင်း ပြောသည်။[၄၈]

၂၀၀၂ ခုနှစ်က ကရင်ပြည်နယ်၊ ဖါးအံခရိုင်တွင်ပြုလုပ်ခဲ့သော သုတေသနပြုချက်တခုအ တွင်း မိုင်းအန္တရာယ်အများဆုံးရှိသောနယ်မြေများနှင့်ပတ်သက်၍ ဆယ်အိမ်ခေါင်း ၃၀ ကိုမေးမြန်း ခဲ့သည်။ ရွာသားများအနေဖြင့် အစားအသောက်ရှာဖွေရန်နှင့်စိုက်ပျိုးထွန်ယက်ရန် မိုင်းရှိနယ်မြေ များကိုရောက်ဖူးကြသော်လည်း တွေ့ဆုံမေးမြန်းသူများထဲမှ ၅ ဦးသာ မိုင်းနယ်မြေကိုသိကြောင်း ပြောကြသည်။[၄၉]

---

[၄၅] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့၊ "မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်းပြဿနာ ၂၀၀၂ ခုနှစ်"၊ ဘန်ကောက်၊ စက်တင်ဘာလ၊ ၂၀၀၂။

[၄၆] NGO ဝန်ထမ်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဧပြီလ ၂၀ရက်၊ ၂၀၀၄ခုနှစ်။ မြေမြှုပ်မိုင်း လေ့လာ စောင့်ကြည့်ရေးသုတေသီအား NGO လုပ်သားက မိုင်းရှိနယ်မြေများ ဓါတ်ပုံပြသခဲ့သည်။

[၄၇] ကရင်ပြည်နယ် မြဝတီမြောက်ဖက်နယ်မြေသို့ သွားရောက်စစ်ဆေးခဲ့သော ထိုကိုယ်စား လှယ်အဖွဲ့က တွေ့ရှိချက်ကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အား မတ်လ ၁၇ ရက်၊ ၂၀၀၄ ခုနှစ် တွင် နှုတ်ဖြင့်ပြောကြားခဲ့သည်။

[၄၈] CCSDPT အစည်းအဝေးအတွင်း နှုတ်ဖြင့်တင်ပြချက်၊ ဘန်ကောက်၊ အောက်တိုဘာလ ၂၀၀၃ ခုနှစ်။

[၄၉] ချူတီမမာ ဆွတ်ဆိုင်၊ "လုံခြုံမှုကင်းမဲ့ရခြင်းနှင့်ပတ်သက်၍ ကရင်လွတ်မြောက်နယ်မြေအ တွင်းရှိကိုခေးကျေးရွာတွင်ပြုလုပ်သောသုတေသနပြုချက်၊ ၂၀၀၂ခုနှစ်"။ ဂျီနီဗာအခြေစိုက် လက်နက်ငယ် စစ်တမ်းအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက်လှုပ်ရှားမှု အဖွဲ့တို့အတွက် ၂၀၀၂ ခုနှစ်နှောင်းပိုင်းက အဆိုပါသုတေသနကို ပြုလုပ်ခြင်းဖြစ်သည်။

အစိုးရရော အစိုးရထိမ်းချုပ်မှုမရှိသောအဖွဲ့များပါ မိုင်းနယ်မြေများကို စနစ်တကျသတ်မှတ်လေ့မရှိပါ။ ရှားရှားပါးပါး သတ်မှတ်ထားချက်များ ရံဖန်ရံခါတွေ့ရတတ်သည်။ ဖါးအံ–မြဝတီလမ်းတွင် မိုင်းရှိကြောင်းဖေါ်ပြထားသည့် အမှတ်အသားများတွေ့ရကြောင်း ခရီးသည်တဦးက ၂၀၀၄ခုနှစ် အဆန်းပိုင်းကပြောဖူးသည်။ ထိုအမှတ်အသားများကို လမ်းနှစ်ဖက်စလုံးတွင် တွေ့ရပြီး မြန်မာစာဖြင့် မိုင်းဟုရေးသားထားသည်။ တောင်ငူခရိုင်အတွင်း စစ်တပ်ကမိုင်းထောင်ထားသည့်နယ်မြေတခုတွင်မူ အဖြူ–အနီလက်ရေးဖြင့်ရေးကာ ဒေသခံစစ်သားများက သတိပေးချက်ပြုလုပ်ထားသည်။[၅၀] မိုင်းထောင်ထားကြောင်းကို စစ်သားများက ထိုနေရာနှင့်အနီးတဝိုက်တွင် နေထိုင်သောရွာသားများကို နှုတ်သတိပေးချက်ပြုလုပ်သည်ဆိုသော်လည်း၊ အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က တွေ့ဆုံမေးမြန်းမှုပြုလုပ်သော မြေမြှုပ်မိုင်းဝေဒနာရှင်များကမူ ထိုသတိပေးချက်မျိုး မကြားသိရဟု ဆိုသည်။[၅၁]

## မိုင်းရှင်းလင်းရေးနှင့် မိုင်းအန္တရာယ်ပညာပေးမှု

လူသားချင်းစာနာမှုအရ မိုင်းရှင်းလင်းရေးလုပ်ဆောင်ခြင်းမျိုး မြန်မာနိုင်ငံ၌ မတွေ့ရပေ။[၅၂] သူပုန်များနှင့်ရွာသားများက ရရာကရိယာကို အသုံးပြု၍ မိုင်းရှင်းလင်းရေးလုပ်ကြသည်။ ကရင်ပြည်နယ်အတွင်းမှရွာသားများသည် အလွယ်တကူဝယ်ယူနိုင်သော သတ္တုထည်၊ ထွန်ခြစ်နှင့် ဓါးမများသုံးကာ မိုင်းရှင်းလင်းရေးလုပ်ဆောင်ကြသည်။[၅၃] သူပုန်အဖွဲ့အတော်များများတွင်

---

[၅၀] ကရင်လူ့အခွင့်အရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ နိုဝင်ဘာလ ၂၈ ရက်၊ ၂၀၀၁ခုနှစ်။ တောင်ငူခရိုင်၊ ဘောဂလိကျေးရွာအနီး၌ စိုက်ထူးထားသော အဆိုပါသတိပေးကြေညာချက်ဓါတ်ပုံကိုလည်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က ရရှိထာသည်။ "သစ်ပင်များ မခုတ်ပါနှင့်၊ မိုင်းများရှိသည်" ဟု ထိုသတိပေးချက်တွင် ဖေါ်ပြထားသည်။

[၅၁] အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့၊ "မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်းပြသနာများ၊ ၂၀၀၂"၊ ဘန်ကောက်၊ စက်တင်ဘာလ ၂၀၀၂။

[၅၂] အစိုးရထိမ်းချုပ်မှုမရှိသော အဖွဲ့များနှင့် တပ်မတော်က စစ်ရေးရည်ရွယ်ချက်ဖြင့် မိုင်းရှင်းလင်းရေးလုပ်ဆောင်ကြသည်။ အစိုးရထိမ်းချုပ်မှုမရှိသောအဖွဲ့များအနေဖြင့် နယက တပ်များထောင်ထားသည့်မိုင်းများကို ဖေါ်ထုတ်ကာ ပြန်ထောင်လေ့ရှိကြသည်။

[၅၃] ထိုင်းနိုင်ငံ၊ မဲဆောက်ရှိ မယ်တော်ဆေးခန်းမှ ခြေတုလက်တု ထုတ်လုပ်ရေး တာဝန်ခံနှင့် တွေ့ဆုံမေးမြန်းစဉ်အတွင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အား ပေးအပ်သော ဓါတ်ပုံမှတ်တမ်း၊ နိုဝင်ဘာလ ၂၈ ရက်၊ ၂၀၀၁ ခုနှစ်။ ညောင်လေးပင်ခရိုင်မှ ရွာသားများသည် စစ်ဆင်ရေးကာလအတွင်း ရွာများမှထွက်ပြေးခဲ့ရပြီး ပြန်လာသောအခါ မိုင်းထောင်ထားသည်ကိုတွေ့ရှိရသည်။ သူတို့က မိုင်း ၁၀၀ ကျော်ဖေါ်ထုတ်ခဲ့ပြီး စစ်တပ်စခန်းနှင့်နီးသောနေရာများတွင် ပြန်ထောင်ထားလိုက်သည်။ လူ့အခွင့်အရေးလုပ်သားတဦးထံမှ ပေးပို့သော အီးမေး၊ ဖေဖေါ်ဝါရီ ၂၂ ရက်၊ ၂၀၀၁ ခုနှစ်။

မိုင်း ရှင်းလင်းရေးကရိယာများရှိသည်။[၅၄] အင်ဂလီကန် ခရစ်ယန် ကယ်ဆယ်ရေးအဖွဲ့တခုက မိုင်းရှင်းလင်းရေးသင်တန်းတခုကို ကရင်ပြည်နယ်တွင်ပြုလုပ်ပေးခဲ့သည်။[၅၅]

မိုင်းအန္တရယ်ပညာပေးမှုများ သာမန်ပြည်သူများအကြားတွင် တွေ့ရခဲသော်လည်း ၂၀၀၃ နှင့် ၂၀၀၄ နှစ်များတွင် တိုးချဲ့လုပ်ဆောင်လာသည်ကိုတွေ့ရသည်။ မိုင်းအန္တရယ်ပညာပေးမှုလုပ်ဆောင်ရန် သင့်မသင့်သုံးသပ်ချက်တရပ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ဖေဖော်ဝါရီလ ၂၀၀၄ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့သည်။ တိုင်းပြည်အတွင်း မိုင်းအန္တရယ်ပညာပေးမှု လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂခလေးများရံပုံငွေအဖွဲ့ကလည်း အဖွဲ့တွင်းဆွေးနွေးပွဲတရပ်ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလက ပြုလုပ်ခဲ့သည်။ သို့သော် စတင်မည့်အချိန်နှင့် နည်းနာကို သတ်မှတ်ခြင်းမရှိပေ။

ကမ္ဘောဒီးယား နိုင်ငံတွင်အသုံးပြုခဲ့သော မိုင်းအန္တရယ်ပညာပေး ပိုစတာများကို မြန်မာကြက်ခြေနီအဖွဲ့နှင့် ယူကေအခြေစိုက် မိုင်းဆိုင်ရာအကြံပေးအဖွဲ့တို့ (MAG) က ၂၀၀၃ ခုနှစ် အလယ်ပိုင်းလောက်က ထုတ်လုပ်ခဲ့သည်။ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနကြီးကြပ်မှုဖြင့် မိုင်းအန္တရယ်လျှော့ချရေး နှီးနှောဖလှယ်ပွဲတခုကို ၂၀၀၃ ခုနှစ် ဇွန်လတွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကျင်းပခဲ့သည်။ တက်ရောက်ခဲ့သူ ၄၀ ကျော်ထဲတွင် ကျောင်းဆရာများ၊ အိမ်ရှင်မများ၊ သူနာပြုများ၊ ဘာသာရေးအဖွဲ့ကိုယ်စားလှယ်များနှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည်။ ၂၀၀၂ နှင့် ၂၀၀၃ နှစ်များတွင်လည်း MAG အဖွဲ့က နှီးနှောဖလှယ်ပွဲနှစ်ခုကို ရန်ကုန်တွင်ပြုလုပ်ပေးခဲ့သည်။[၅၆]

ကရင်ပြည်နယ်အတွင်းမှ မိုင်းအန္တရယ်ပညာပေးသင်တန်းဦးဆောင်နေသူများအတွက် အဆင့်မြင့်မိုင်းအန္တရယ်ပညာပေးပို့ချမှုများကို အပြည်ပြည်ဆိုင်ရာအကြမ်းမဖက် လှုပ်ရှားမှုအဖွဲ့က ၂၀၀၂ ခုနှစ်ကတည်းကလုပ်ဆောင်လာခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ကျန်းမာရေးဝန်ထမ်း ၆၀ ကို လေ့ကျင့်ပေးခဲ့ပြီး ဖါးအံနှင့် ဒူးပလာခရိုင်များအတွင်းမှ မိုင်းရှိနယ်မြေများတွင် ပညာပေးလုပ်ငန်းများ ဆင့်ပွါးလုပ်ဆောင်နေကြသည်။[၅၇] သင်တန်းသားများထဲမှ ၈၀ ရာနှုန်းက သူတို့ကိုယ်တိုင် မိုင်း

---

[၅၄] ရက်စွဲမပါသောဓါတ်ပုံမှတ်တမ်းများအရ အစိုးရထိမ်းချုပ်မှုမရှိသောအဖွဲ့များတွင် အီလက်ထရောနစ် မိုင်းရှင်းကရိယာများရှိကြကြောင်း သိရသည်။

[၅၅] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ ပေးပို့သော Free Burma Rangers အဖွဲ့က ပြုစုထားသည့် ဗွီဒီယိုမှတ်တမ်း၊ ၂၀၀၄ ခုနှစ် အစောပိုင်း။

[၅၆] MAG ပေါ်လစီရေးရာ ညှိနှိုင်းကြားရေးမှူး Tim Carstairs ထံမှ ပေးပို့သော အီးမေး၊ အောက်တိုဘာလ ၄ရက်၊ ၂၀၀၄ခုနှစ်။

[၅၇] မိုင်းအန္တရယ်အကြောင်းသတင်းဖြန့်ချီခြင်း၊ မိုင်းကွင်းများမှရှောင်ရှားခြင်း၊ မိုင်းထိ ဝေဒနာရှင်များကယ်တင်ခြင်းတို့နှင့်ပတ်သက်၍ နယ်လှည့်ကျန်းမာရေးဝန်ထမ်းများ၊ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနမှဝန်ထမ်းများနှင့် အခြားတိုင်းရင်းသားအဖွဲ့များမှ ကျန်းမာရေးဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခဲ့သည်။ ထိုသတင်းအချက်လက်များကို အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ ဖေဖော်ဝါရီလ ၂၀၀၄ခုနှစ် ကပေးပို့ခဲ့သည်။

အန္တရယ်နှင့်ရင်ဆိုင်နေရသည်ဟု ခံစားရကြောင်း၊ ၅၃ ရာနှုန်းမှာ မိုင်းရှိနယ်မြေထဲရောက်ဖူးကြောင်း အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့က လေ့လာတွေ့ရှိရသည်။[၅၈]

အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့က ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဦးဆောင်ပြုလုပ်သော "မိုင်းကင်းစင်ရေးနေ့"လှုပ်ရှားမှုများတွင် ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများမှ မြန်မာဒုက္ခသည် ၅၅၀၀ ပါဝင်ခဲ့သည်။[၅၉] ၂၀၀၃ ခုနှစ် စက်တင်ဘာလက ဘန်ကောက်၌ကျင်းပသော မိုင်းတားဆီးရေးသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ပဉ္စမအစည်းအဝေးအကြို ပြုလုပ်သော "မိုင်းဆန့်ကျင်ရေးလက် ၁၀၀၀၀၀" လှုပ်ရှားမှုတွင်လည်း ၁၄၀၀ ပါဝင်ခဲ့သည်။

၂၀၀၁ ခုနှစ် ဇွန်လမှစ၍ မိုင်းအန္တရယ်ပညာပေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့က ထိုင်း–မြန်မာနယ်စပ် ဒုက္ခသည်စခန်းသုံးခုတွင် ပြုလုပ်ခဲ့သည်။

## *လူသားမဆန်သည့် မိုင်းရှင်းနည်း*

မိုင်းရှိသည်ဟု ယူဆရသောနယ်မြေများတွင်လှုပ်ရှားသော နယက စစ်တပ်များသည် အရပ်သားများကို ပေါ်တာအဖြစ်အသုံးပြုကာ စစ်ကြောင်းများရှေ့မှသွားခိုင်း၊ မိုင်းကွင်းများပေါ် မှဖြတ်လျှောက်ခိုင်းကာ မိုင်းရှင်းလင်းရေးလုပ်ကြောင်း သိရသည်၊ (*၁၉၉၉–၂၀၀၃ ခုနှစ် မြေမြှုပ်မိုင်းလေ့ လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာများ* တွင်ရှု)။ ထိုသို့ အသုံးပြုခံရသူများကို ကျေးလက်ဒေသ လယ်ကွင်းများမှလည်းကောင်း၊ မြို့ပြလက်ဘက်ရည်ဆိုင်များမှလည်းကောင်း၊ အကျဉ်းထောင်များမှလည်းကောင်း ဖမ်းဆီးခေါ်ဆောင်ခံလာကြသည်။

ကရင်ပြည်နယ် ဖါးပွန်မြို့ပြင်ဘက်ရှိမိုင်းကွင်းများမှ မိုင်းများဖေါက်ခွဲရှင်းလင်းပစ်ရန် အတွက် လူတသိုက် သစ်လုံးကြီးကိုကျိုးနှင့်ဆွဲကာ မိုင်းကွင်းပေါ်ဖြတ်သွားနေပုံကို ရပ်ကွက်လူကြီးတဦးက ၂၀၀၃ ခုနှစ် နှစ်လယ်ပိုင်းလောက်က မြင်တွေ့ခဲ့ရသည်။[၆၀] ၂၀၀၃ ခုနှစ် ဩဂုတ်လက ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အပေါ်ပြုလုပ်သော စစ်ဆင်ရေးကာလအတွင်း ပေါ်တာနှင့် မိုင်းရှင်းကရိယာအဖြစ်အသုံးပြုခံခဲ့ရသောလူပေါင်းများစွာ ထိုင်းနိုင်ငံထဲထွက်ပြေး လွတ်မြောက်လာကြသည်။ ပေါ်တာအဖြစ်လိုက်ပါခဲ့ရသောအကျဉ်းသားတဦးက လမ်းတွင် သူကြုံတွေ့ခဲ့ရပုံကိုပြောပြရာတွင် "မဲပလမှ မြန်မာစစ်တပ်ရှိရာကိုလာတဲ့ လမ်းတလျှောက်လုံးမှာ မိုင်းနင်းပြီး လူတွေအတုံးအရုံးသေနေတာကို မြင်ခဲ့တယ်၊ ကျနော်လည်း အဲဒါမျိုးသေရမှာကိုကြောက်သွား

---

[၅၈] မိုင်းအန္တရယ်ပညာပေးသင်တန်းသားများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ သုတေနပြုချက်၊ မိုင်းရှိနယ်မြေများထဲရောက်သွားရခြင်းမှာ အဓိကအားဖြင့် ဒုက္ခသည်အဖြစ် ခရီးသွားစဉ်ဖြစ်သည်။ နောင်အခါ ထိုနေရာများမှ တိမ်းရှောင်သွားကြရသည်။

[၅၉] အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့၊ "၂၀၀၃ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ"။

[၆၀] ရပ်ကွက်လူကြီးတဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဖါးအံ၊ အောက်တိုဘာလ၊ ၂၀၀၃ ခုနှစ်။

တယ်'' ဟုဖေါ်ပြခဲ့သည်။[၆၁] နောက်တနေ့ မိုင်းရှင်းလင်းရေးတာဝန်ယူရမည်ဟု အမိန့်ရရှိပြီးနောက် ညဖက်တွင် ထိုသူထွက်ပြေးလာခြင်းဖြစ်သည်။ ထွက်ပြေးလာသော အခြားပေါ်တာများကလည်း စစ်သားနှင့်ပေါ်တာ အတော်များများထိခိုက်ဒဏ်ရာရပုံများကို ပြောပြသည်။ ပေါ်တာအဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း မိုင်းထိသေဆုံးရပုံကိုဖေါ်ပြသော ဓါတ်ပုံမှတ်တမ်းများကိုလည်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ ပေးပို့ခဲ့သည်။

အရပ်သားတဦး စစ်ကြောင်းရှေ့က ဖြတ်လျှောက်ခိုင်းခံရပြီး မိုင်းနင်းမိသောအခါ ဒဏ်ရာဖြင့်ပစ်ထားခံခဲ့ရသူတဦးနှင့်တွေ့ဆုံးမေးမြန်းခန်းကို ဘီဘီစီက ၂၀၀၃ ခုနှစ် စက်တင်ဘာလက ထုတ်လွှင့်ခဲ့သည်။ သူ့ကိုနွားကုန်သည်များကတွေ့ရှိပြီး ထိုင်းနိုင်ငံသို့ခေါ်ဆောင်လာသဖြင့် ဆေးကုသမှုရရှိကာ အသက်ရှင်လာရသည်။[၆၂] ၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ တပ်မဟာ(၇)အားတိုက်ခိုက်သည့် စစ်ဆင်ရေးတွင် ပေါ်တာနှင့် လူသားမိုင်းရှင်းကရိယာအဖြစ်အသုံးပြုခံရသူ အကျဉ်းသားမှာ ၃၀၀ ရှိကြောင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးလွတ်မြောက်လာသော ပေါ်တာများကပြောသည်။ စစ်ဆေးရေးကာလအတွင်း မိုင်းထိမှန်ကာ ပေါ်တာသုံးဦးလျှင်တဦးနှုံးခန့် သေကြောင်းပြောသည်။[၆၃] သူပုန်များ မိုင်းမထောင်အောင် ဖိအားပေးသည့်အနေဖြင့် မိုင်းရှင်းရန်အတွက် ပစ္စည်းကရိယာထက် ရွာသားများကို စစ်တပ်က အဓိကအသုံးပြုကြောင်း ကရင်ပြည်နယ်မြောက်ပိုင်းက ရွာသားများကပြောသည်။[၆၄]

တွေ့ဆုံးမေးမြန်းသောဒုက္ခသည်များအနက် ၇ရာနှုံးမှာ မိုင်းကွင်းများပေါ် ဖြတ်လျှောက်ခိုင်းခံရသဖြင့် အကြောက်တရားရခဲ့ကြကြောင်း လူမှုကယ်ဆယ်ရေးအဖွဲ့တခု၏ မြန်မာဒုက္ခသည်စခန်းများတွင်ပြုလုပ်သော သုတေသနပြုချက်အရသိရသည်။[၆၅] ထိုဒုက္ခသည်များကိုအခြေခံ၍ပင် ဒိန်းမတ် ဆရာဝန်များ ၁၉၉၈–၁၉၉၉ ခုနှစ်က ပြုလုပ်သောသုတေသနပြုချက်တွင်လည်း လူသား

---

[၆၁] အဆိုပါ ပေါ်တာဖမ်းဆီးမှုမှာ စက်တင်ဘာလ လလယ်ပိုင်းလောက်ကဖြစ်သည်။ အခြားအကျဉ်းသား ၅၀ လောက်နှင့်အတူ သာယာဝတီထောင်မှ စစ်တပ်ကထုတ်ယူကာ ပေါ်တာအဖြစ် အသုံးပြုခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတွင်ခိုလှုံရန် အခြားပေါ်တာလေးဦးနှင့်အတူ ထွက်ပြေးလာပြီးနောက် ကယ်ဆယ်ရေးလုပ်သားများက အောက်တိုဘာလ ၂၀ ရက်၊ ၂၀၀၃ခုနှစ်က တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုတွေ့ဆုံးမေးမြန်းချက်များကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ ပေးအပ်ခဲ့သည်။

[၆၂] *Outlook* အစီအစဉ်၊ ဘီဘီစီ ကမ္ဘာတလွှား ရေဒီယိုအစီအစဉ်၊ စက်တင်ဘာ ၂၁ရက်၊ ၂၀၀၃ ခုနှစ်။

[၆၃] ထွက်ပြေးလွတ်မြောက်လာသောပေါ်တာများနှင့် အီးမေးဆက်သွယ်ချက်၊ အောက်တိုဘာလ ၂၀ရက်၊ ၂၀၀၃ ခုနှစ်။

[၆၄] *၂၀၀၃ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ*၊ စာမျက်နှာ ၅၆၇ တွင်ရှု။

[၆၅] အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီနှင့် ရောဂါထိမ်းချုပ်ရေးနှင့် တားဆီးရေးဌာနတို့ပူးတွဲ၍ ''မယ်ဟောင်ဆောင်ခရိုင်အတွင်းမှ ကရင်နီဒုက္ခသည်စခန်းသုံးခုတွင် ပြုလုပ်သော စိတ်ကျန်းမာရေးအကဲဖြတ်ခြင်း'' သုတေသနပြုချက်။

မိုင်းရှင်းကရိယာအဖြစ် အသုံးပြုခံရသူဦးရေအများပြားကိုဖေါ်ပြထားသည်။[၆၆] အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှထုတ်ပြန်သော အစီရင်ခံစာတွင်းလည်း မိုင်းရှင်းရန်အတွက် ပေါ်တာများ အသုံးပြုပုံကို ဖေါ်ပြထားသည်။[၆၇]

## မြေမြှုပ်မိုင်း ထိခိုက်ဒဏ်ရာရမှုများ[၆၈]

အထူးသဖြင့် လွန်ခဲ့သော ငါးနှစ် ခြောက်နှစ်အတွင်း မြေမြှုပ်မိုင်း ထိခိုက်ဒဏ်ရာရမှုများ ပိုများလာသည်။ သို့သော် မိုင်းထိမှန်သေဆုံးသူများနှင့်ပတ်သက်၍ စနစ်တကျ စာရင်းကောက်ယူရန်မှာ အလွန်ခက်ခဲသည်။ မြေမြှုပ်မိုင်းထူထပ်စွာချထားသောနယ်မြေများမှာ လက်နက်ကိုင် ပဋိပက္ခ ဖြစ်နေသေးသောနယ်မြေများဖြစ်သည်။

မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းထိခိုက်ဒဏ်ရာရမှု စုစုပေါင်းအရေအတွက်ကိုမသိရှိနိုင်သေးပေ။ နှစ်စဉ် မိုင်းထိခိုက် သေဆုံးဒဏ်ရာရမှုမှာ ၁၀၀၀နှင့် ၂၀၀၀ အကြားရှိကြောင်း ကရင်အမျိုးသား အစည်းအရုံးမှ အဆင်မြင့်ဆေးဝန်ထမ်းတဦးက ခန့်မှန်းသည်။[၆၉] ပြည်တွင်းစစ်အပြင်းထန်ဆုံး ကာလဖြစ်သော ၁၉၇၀ ခုနှစ်များအတွင်းက မြေမြှုပ်မိုင်းထိခိုက်ဒဏ်ရာရရှိမှုမှာ တနှစ်လျှင် ၄၀၀၀ ခန့် ရှိကြောင်း မြန်မာဆရာဝန်တဦးကပြောဖူးသည်။[၇၀] သတင်းအရင်းအမြစ်အမျိုးမျိုးမှ စုဆောင်းရရှိသော အချက်အလက်များကိုအခြေခံ၍ မြန်မာ့နိုင်ငံ၏ နှစ်စဉ်မိုင်းထိခိုက်ဒဏ်ရာရမှုမှာ ၁၅၀၀ ခန့်

---

[၆၆] Hans Draminsky Peterson နှင့် အခြားဆရာဝန်များ၊ "မြန်မာဒုက္ခသည်များ ဆေးစစ်ဆေးမှုရလဒ်အစီရင်ခံစာ"၊ *ဒိန်းမတ် ဆေးပညာစာစောင်*၊ အတွဲ ၄၅၊ အမှတ် ၃၊ ဇွန်လ ၃ရက်၊ ၁၉၉၈၊ စာမျက်နှာ ၃၁၃–၃၁၆။ Hans Draminsky Peterson နှင့် အခြားဆရာဝန်များ၊ "မြန်မာနိုင်ငံမှလူ့အခွင့်အရေး ချိုးဖေါက်မှုများ– ၁၉၉၉"၊ အချက်အလက်စုဆောင်းရေးအဖွဲ့ အစီရင်ခံစာ၊ ဒီဇင်ဘာလ ၁၉၉၉ခုနှစ်။ ဒိန်းမတ်ဆေးပညာရှင်များအဖွဲ့၊ Danchurch Aid နှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (ဒိန်းမတ်)၊ မတ်လ ၁၄ ရက်၊ ၂၀၀၀ခုနှစ်။

[၆၇] အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၊ "မြန်မာနိုင်ငံမှအဓမ္မလုပ်အားပေးစေခိုင်းမှုများ" ဂျီနီဗာ၊ ဇူလိုင်လ ၂ရက်၊ ၁၉၉၈ ခုနှစ်။

[၆၈] မိုင်းထိခိုက်ဒဏ်ရာရမှုများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက *မြေမြှုပ်မိုင်း လေ့စာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၃ခုနှစ်အစီရင်ခံစာ* စာမျက်နှာ ၅၆၇–၅၆၉ နှင့် *မြေမြှုပ်မိုင်းလေ့စာစောင့်ကြည့်ရေးအဖွဲ့ ၂၀၀၂ ခုနှစ် အစီရင်ခံစာ၊* စာမျင်နှာ ၆၃၀–၆၃၂ တို့ တွင်ရှု။

[၆၉] KNU က မှတ်တမ်းတင်ထားသော အဆိုပါ ကိန်းဂဏန်းများမှာ အများပြည်သူသို့ ထုတ်ပြန်သော မှတ်တမ်းမဟုတ်ကြောင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းစဉ်အတွင်း အဆိုပါ အဆင့်မြင့်ဆေးဝန်ထမ်းက ပြောကြားသည်။ မဲဆောက်၊ နိုဝင်ဘာ ၂၀၀၃ ခုနှစ်။

[၇၀] အမျိုးသားဆေးရုံများတွင်တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ အမေရိကန်ပြည်ထောင်စု၌ နေထိုင်နေသောအဆိုပါဆရာဝန်က ရှေ့တန်းနယ်မြေများတွင် သုံးနှစ်အတွင်း မိုင်းဒဏ်ရာရရှိမှုမှာ ၁၂၀၀၀ ရှိကြောင်းပြောသည်။

ရှိမည်ဟု မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး သုတေသနမှူးများက ခန့်မှန်းသည်။[၇၁] ၁၉၉၄ ခုနှစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အစီရင်ခံစာတွင်လည်း အလားတူဖေါ်ပြသည်။[၇၂] ထိုအချက်များက မြန်မာနိုင်ငံ၏မိုင်းထိခိုက်မှုနှုန်း အမြင့်ဆုံးသို့ရောက်နေသည်မှာ ဆယ်စုနှစ်တခုကျော်နေပြီဖြစ်ကြောင်း ဖေါ်ပြနေသကဲ့သို့ ကမ္ဘာတွင်မိုင်းထိခိုက်မှုအများဆုံးသော နိုင်ငံဖြစ်ကြောင်းလည်း ဖေါ်ပြနေသည်။

တသီးပုဂ္ဂလအဖွဲ့များ၊ ဒုက္ခသည်စခန်းများ၊ ထိုင်း–မြန်မာနယ်စပ် ဆေးရုံများမှ ရရှိသောမှတ်တမ်းများအရပင် မိုင်းပြသနာအတိမ်အနက်ကို ပြသနေသည်။ ၂၀၀၃ ခုနှစ် ဇန်နဝါရီလအတွင်း ကရင်ပြည်နယ် ဘူးသိုမြို့နယ်က ဖြစ်ရပ်တခု၌ သစ်ပင်တွင်ချိတ်ဆွဲထားသောမိုင်း ပေါက်ကွဲသဖြင့် ခရီးသည် ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။[၇၃] မြန်မာနိုင်ငံအရှေ့တောင်ဒေသတွင် မိုင်းထောင်နေစဉ်မိုင်းပေါက်ကွဲမှုကြောင့် ပေါ်တာနှစ်ဦးနှင့်စစ်သား ၁၀ ဦး အပါအဝင်လေးဦးသေ၊ ရှစ်ဦးဒဏ်ရာသော အဖြစ်အပျက်တခု မေလကဖြစ်ပွါးခဲ့သည်။[၇၄] ရှမ်းပြည်နယ် သွန်ခရိုင်အတွင်း မြေမြှုပ်မိုင်းအပေါ်တက်နင်းမိသဖြင့် နှစ်ဦးသေဆုံးပြီး၊ လေးဦးဒဏ်ရာရသော ဖြစ်ရပ်တခု နိုဝင်ဘာလက ဖြစ်ပွါးခဲ့သည်။[၇၅] နယ်ခြားမဲ့ဆရာဝန်များအဖွဲ့အနေဖြင့် ၂၀၀၁ ခုနှစ်မှစ၍ ထိုင်း–မြန်မာနယ်စပ် မယ်လဒုက္ခသည်စခန်းမှ မိုင်းထိလူနာ ၁၀၇ ယောက် လွှဲပြောင်းပေးခဲ့သည်။ ထိုသူများမှာ ၂၀၀၃ ခုနှစ်အတွင်း စစ်မြေပြင်ဒဏ်ရာရသူ ၅၁ ဦး (၈၆ ရာနှုန်းမှာ မိုင်းထိခိုက်မှုဖြစ်သည်)၊ ၂၀၀၂ ခုနှစ်တွင် ၄၇ ဦး၊ ၂၀၀၁ ခုနှစ်တွင် ၁၇ ဦးတို့ဖြစ်သည်။[၇၆] တပ်ခရိုင် မဲဆောက်ဆေးရုံတွင် ၂၀၀၀ ခုနှစ်မှစ၍ အနည်းဆုံး မိုင်းထိလူနာ ၃၁၆ ယောက်ကို ကုသပေးခဲ့ရသည်။ ထိုသူများမှာ ၂၀၀၃ ခုနှစ်တွင် ၆၃

[၇၁] ခန့်မှန်းခြေအတွက် သတင်းရရှိသောဌာနများမှာ ကရင်ပြည်နယ်အတွင်းမှ ဆေးရုံများ၊ ရန်ကုန်ရှိအမျိုးသားပြန်လည်ပြုစုရေးဌာနမှမှတ်တမ်းများနှင့် မြေမြှုပ်မိုင်းဝေဒနာရှင်များအား ထောက်ပံ့သည့်ခြေတုလက်တု အရေအတွက်တို့ဖြစ်သည်။ မိုင်းဝေဒနာရှင် ၃၀ ရာနှုန်းခန့်မှာ ဆေးဝါးကုသမှုတစုံတရာ မရရှိမီ သေဆုံးသည်ဟု ခန့်မှန်းရသည်။

[၇၂] အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ "လူမသိသောလူသတ်သမား၊ ကမ္ဘာတလွှား မြေမြှုပ်မိုင်းပြသနာ"၊ ဒီဇင်ဘာ ၁၉၉၄၊ စာမျက်နှာ ၁၈။

[၇၃] မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့အား ပေးပို့လာသည့် ရက်စွဲဖေါ်ပြမထားသော ကရင်ကယ်ဆယ်ရေးအဖွဲ့အစီရင်ခံစာ၊ မဲဆောက်၊ ထိုင်းနိုင်ငံ၊ မတ်လ ၂၂ ရက်၊ ၂၀၀၃ ခုနှစ်။

[၇၄] "မြန်မာနိုင်ငံ၌ မိုင်းပေါက်ကွဲမှုကြောင့် လေးဦးသေ၊ ရှစ်ဦးဒဏ်ရာရ"၊ *Associate Press*၊ မေလ ၂၆ ရက်၊ ၂၀၀၃ခုနှစ်။

[၇၅] ချွန်သတင်းစဉ်၊ အမှတ် ၃၉၊ နိုဝင်ဘာလ ၁၇ ရက်၊ ၂၀၀၃ ခုနှစ် (ထိုင်းဘာသာ)။

[၇၆] နယ်ခြားမဲ့ဆရာဝန်များအဖွဲ့၊ အရေးပေါ်လူနာလွှဲပြောင်းရေးဌာနမှတ်တမ်း၊ ကွင်းဆင်းညှိနှိုင်းရေးမှူး Dr. Eugenie d' Alessandro ထံမှပေးပို့သော အီးမေး၊ မဲဆောက်၊ မတ်လ ၂၇ ရက်၊ ၂၀၀၃ခုနှစ်။

ဦး[၇၇]၊ ၂၀၀၂ ခုနှစ်တွင် ၁၀၃ ဦး၊ ၂၀၀၁ ခုနှစ်တွင် ၈၄ ဦး၊ ၂၀၀၀ ခုနှစ်တွင် ၆၆ ဦးတို့ဖြစ်သည်။[၇၈] ၂၀၀၂ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ စစ်ဒဏ်ရာကူညီပေးရေးအစီအစဉ်မှ မိုင်းလူနာ ၇၀ ကို အကူအညီပေးခဲ့ရသည်။ ထိုသူများမှာ ၂၀၀၃ ခုနှစ်က ၅၅ ဦးနှင့် ၂၀၀၂ ခုနှစ်တွင် ၁၅ဦးဖြစ်သည်။[၇၉]

လတ်တလောနှစ်များအတွင်းပြုလုပ်ခဲ့သော သုတေသနပြုချက်များအရ မိုင်းဝေဒနာရှင်အများစုမှာ ယောက်ျားများဖြစ်သည် (အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ သုတေသနပြုချက် ၉၄ ရာနှုန်း၊ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့ သုတေသနပြုချက် ၉၅ ရာနှုန်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ သုတေသနပြုချက် ၉၆.၆ရာနှုန်း)။ အများစုမှာ စစ်ရေးကိစ္စလုပ်နေစဉ်မိုင်းထိကြသည် (အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ သုတေသနပြုချက် ၆၁ ရာနှုန်း၊ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့ သုတေသနပြုချက် ၆၁.၅ ရာနှုန်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ သုတေသနပြုချက် ၆၅ရာနှုန်း) တို့ဖြစ်သည်။[၈၀] အရပ်သားထိခိုက်မှုများမှာ သာမန်နေ့စဉ်ကိစ္စများဆောင်ရွက်နေစဉ်အတွင်းဖြစ်သည်။ ဥပမာ တောထဲ၌ အစားအစာရှာနေစဉ်၊ ထင်းခုတ်နေစဉ်၊ သို့မဟုတ် ခရီးသွားနေစဉ်ဖြစ်သည်။[၈၁] မိုင်းထိခိုက်မှုအများစု (၈၀ ရာနှုန်း)မှာ ခရီးသွားလာရ လွယ်ကူသော ခြောက်သွေ့ရာသီတွင် ဖြစ်ပွါးလေ့ရှိသည်။[၈၂]

မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့က တပ်မတော်အတွင်းမှမိုင်းဝေဒနာရှင် ၁၀ ဦးကိုတွေ့ဆုံးမေးမြန်းခဲ့ရာ၊ ၇ ဦးမှာ အသက် ၁၅–၁၇ နှစ်အကြားဖြစ်ပြီး၊ တဦးမှလွဲ၍ ကျန်သူအား

[၇၇] ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့၊ မသန်မစွမ်းနှင့် ဖွံ့ဖြိုးရေးဌာန မန်နေဂျာ၊ ဆူရီယာ–ချွန်ချန်ချွတ် ထံမှပေးပို့သော အီးမေး၊ မတ်လ ၁ရက်၊ ၂၀၀၄ခုနှစ်။ မှတ်တမ်းများပြုစုနေဆဲဖြစ်ရာ ၂၀၀၃ ခုနှစ်မှတ်တမ်းများ ပြန်လည်ပြင်ဆင်ကောင်းပြင်ဆင်ရနိုင်ဖွယ်ရှိသည်။

[၇၈] မဲဆောက်ဆေးရုံးမှ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့ သို့ပေးအပ်သော မှတ်တမ်းများ၊ ယခုကိန်းဂဏန်းများနှင့် ယခင်နှစ်များက မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ထံ ပေးပို့သော ကိန်းဂဏန်းများ ခြားနားမှုရှိသည်။

[၇၉] ICRC ကိုယ်စားလှယ်အဖွဲ့မှ ပေးပို့သောစာ၊ ဖေဖေါ်ဝါရီ ၂၇ ရက်နှင့် ဧပြီလ ၁၉ ရက် ၂၀၀၄ခုနှစ်။ ICRC ကိုယ်စားလှယ်အဖွဲ့ဝင် Marcus Geisser နှင့်တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ၊ ဒီဇင်ဘာ ၃၁ ရက်၊ ၂၀၀၂ ခုနှစ်။

[၈၀] *၂၀၀၂ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာ* စာမျက်နှာ ၆၃၁ နှင့် ၆၃၄ တွင်ရှု။

[၈၁] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့၊ "မြန်မာနိုင်ငံမှမြေမြှုပ်မိုင်းပြသနာ"၊ အဖွဲ့တွင်းအစီရင်ခံစာ၊ ၂၀၀၂ခုနှစ်၊ စာမျက်နှာ ၉။

[၈၂] အပြည်ပြည်ဆိုင်ရာ မသန်မစွမ်းသူများအဖွဲ့က မဲဆောက်ဆေးရုံမှ စုစည်းခဲ့သော အချက်အလက်များအပေါ်မူတည်၍ မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ လအလိုက် ဆန်းစစ်ချက်။

လုံး စစ်တပ်ထဲ၌ရှိနေဆဲဖြစ်သည်။[၈၃] မြေမြှုပ်မိုင်းဒဏ်ရာရသူများကို အသက်အန္တရာယ် ကာကွယ်နိုင်ရန်ဆေးဝါးကုသမှုအမြန်ရရှိရေးအရေးကြီးပုံကို စစ်တပ်ဆေးမှူးများကအလေးပေးပြောကြားခဲ့သည်။[၈၄]

မြေမြှုပ်မိုင်း၏သားကောင်ဖြစ်ရသူများထဲတွင် ကျွဲများ၊ ကျားများ၊ တောဝက်နှင့် ခွေးကဲ့သို့သော အိမ်မွေးနှင့်တောနေသားကောင်းများလည်း ပါဝင်သည်။ ၂၀၀၃ ခုနှစ် နှောင်ပိုင်းက ရှမ်းပြည်နယ်၌ ဆင်ထီးတကောင် မိုင်းနင်းမိပြီးသေဆုံးခဲ့သည်။[၈၅] မြေမြှုပ်မိုင်းထိမှန်၍ ကရင်ပြည်နယ် လှေ့ပလိမြို့နယ်မှ ရွာတရွာထည်းက ၂၀၀၃ ခုနှစ်တွင် ကျွဲ နွား အကောင် ၂၀ ဆုံးရှုံးခဲ့ရသည်။[၈၆] ဘင်္ဂလားဒေ့-မြန်မာနယ်စပ်တွင် အနည်းဆုံး ဆင် ၂၆ ကောင်သေဆုံးပြီး[၈၇]၊ ထိုင်း-မြန်မာနယ်စပ်တွင်မူ အနည်းဆုံး ၉၀ အထိ သေဆုံးပြီးဟုယုံကြည်ရသည်။ ထိုင်းနိုင်ငံရှိ ဆင်ဆေးရုံတခုက ဆင် ၉ ကောင်ကိုဆေးကုသပေးခဲ့ရပြီးဖြစ်သည်။ သို့သော် နှစ်စဉ်ဆင်အများအပြားသေဆုံးနေကြောင်း ယုံကြည်သည်။[၈၈]

မပေါက်ကွဲသေးသောခဲယမ်းများတွေ့ရှိပြီးနောက်မှ ပေါက်ကွဲဖြစ်ကာ လူသေမှုဖြစ်ရခြင်းများနှင့်ပတ်သက်၍ အစီရင်ခံစာများ၂၀၀၃ ခုနှစ်တွင် ပထမဆုံးအနေဖြင့်ရရှိသည်။ လယ်ကွင်းထဲ၌ တွေ့ရှိသော လက်ပစ်ဗုံးတလုံးပေါက်ကွဲသဖြင့် ခလေးငယ်အမြောက်အများ သေဆုံးခဲ့ရသည်။ မပေါက်ကွဲသေးသော မော်တာကျည်တလုံးနှင့်ဆော့ကစားသဖြင့် ခလေးငယ်တဦးလည်း သေဆုံးခဲ့ရသည်။ ကရင်ပြည်နယ်အတွင်းပြုလုပ်သော မိုင်းအန္တရာယ်ပညာပေး သင်တန်းတက်ရောက်သူများ

---

[၈၃] ၁၉၉၉-၂၀၀၃ ခုနှစ်များအတွင်း မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး သုတေသနမှူး မြန်မာနိုင်ငံအတွင်းခရီးသွားစဉ် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများ။

[၈၄] စစ်တပ်ဆေးမှူးများနှင့် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ တွေ့ဆုံမေးမြန်းခြင်း၊ မဲဆောက်၊ ဖေဖော်ဝါရီလ ၄ ရက်၊ ၂၀၀၄ခုနှစ်။

[၈၅] ရှမ်းပြည်နယ်ရှိဆေးမှူးများက ဓါတ်ပုံမှတ်တမ်းကို မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး အဖွဲ့ထံ အောက်တိုဘာလ ၂၀၀၃ ခုနှစ်တွင် ပေးပို့ခဲ့သည်။

[၈၆] အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့မှ ပို့ချသော မိုင်းအန္တရာယ်ပညာပေးမှုသင်တန်းအတွင်း ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ထမ်း၏တင်ပြချက်၊ မဲဆောက်၊ အောက်တိုဘာလ ၃ ရက်၊ ၂၀၀၃ ခုနှစ်။

[၈၇] မစ္ဈိမသတင်း၊ အောက်တိုဘာ ၂၂ ရက်၊ ၂၀၀၀ ခုနှစ်။

[၈၈] ထိုင်းနိုင်ငံ လမ်းပန်းမြို့ရှိ Friends of the Asian Elephants (FAE) ဆင်ဆေးရုံ၌ Next Step Productions မှ ပြုလုပ်သော တွေ့ဆုံမေးမြန်းမှု၊ စက်တင်ဘာ ၂၀၀၃ ခုနှစ်။ ဘန်ကောက်၌ ကျင်းပသော အဖွဲ့ဝင်နိုင်ငံများ၏အစည်းအဝေးအတွင်း FAE မှသတင်းအချက်အလက်များကို ပြသထားသည်၊ စက်တင်ဘာလ၊ ၂၀၀၃ခုနှစ်။ မိုင်းထိသောဆင်များအနက်မှ ၁၀ ရာနှုန်းခန့်သာ ဆေးရုံရောက်လာကြောင်း FAE က ယုံကြည်သည်။

ထဲမှ ၄၀ ရာနှုန်းသောကျန်းမာရေးဝန်ထမ်းများက မပေါက်ကွဲပဲကျန်နေသောလက်နက်များ နောက် မှပေါက်ကွဲမှုဖြစ်ပြီး လူသေမှုဖြစ်ရပုံကို သိရှိကြောင်းပြောသည်။[၇၉]

## အသက်ရှင်နေသူများအတွက် အကူအညီ[၈၀]

စစ်အစိုးရအုပ်ချုပ်သူများ၏ ဥပက္ခာပြုမှုများကြောင့် အသက်မသေကျန်ရစ်သူများအ တွက် အကူအညီပေးရေးအစီအစဥ်မှာ အနည်းဆုံးအဆင့်ရောက်နေသည်။[၈၁] သက်ရှိထင်ရှား မိုင်း ဝေဒနာရှင်တချို့နှင့်တွေ့ဆုံမေးမြန်းချက်များအရ စစ်သားများကအရပ်သားများထက်ပို၍ ကောင်း မွန်သော ကုသမှုရရှိကြပြီး၊ အလုပ်အကိုင်ရရှိရန်လည်း အခွင့်အလမ်းကောင်းကြောင်း သိရသည်။

ဆေးကုသမှုရရှိရေးမှာ မိုင်းထိခိုက်မှု မည်သည့်နေရာတွင်ဖြစ်ပွါးသနည်း ဆိုသည့်အပေါ် မူတည်သည်။ ပထမဦးဆုံး ဆေးကုသမှုရရန် အနည်းဆုံး ၁၂ နာရီ အချိန်လိုအပ်သည်။ အရေးပေါ် ဆေးကုသမှုရပြီးပါက မိုင်းဝေဒနာရှင်အများစုကို ထိုင်းနိုင်ငံ၌ ဆေးရုံတင်ကြသည်။[၈၂] မြန်မာ မိုင်း ဝေဒနာရှင်များအနေဖြင့် အထောက်အပံ့အကူအညီကို နည်းလမ်းအသွယ်သွယ်မှရရှိကြသည်။ အစိုးရကျန်းမာရေးဌာန၊ အစိုးရထိမ်းချုပ်မှုမရှိသောအကူအညီပေးရေးဌာနများ၊ နယက ထိမ်းချုပ် မှုကင်းလွတ်သောနယ်မြေများတွင်ရနိုင်သောအကူအညီ၊ အိမ်နီးချင်းနိုင်ငံများတွင် ရနိုင်သော အ ကူအညီ စသဖြင့်အမျိုးမျိုးရှိသည်။ နယ်စပ်နှင့်နီးသောဒေသများတွင် လုံခြုံရေးအခြေအနေ မ ကောင်းသဖြင့်လည်းကောင်း၊ ဆေးကုသမှုညံ့ဖျင်း၍လည်းကောင်း အိမ်နီးချင်းနိုင်ငံများတွင် ဆေး ကုသမှုခံယူကြရသည်။ ထိုင်းနယ်စပ်အနီးမှ မယ်တော်ဆေးခန်း၊ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့၊ အ ပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးအဖွဲ့၊ အမေရိကန်ဒုက္ခသည်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ဆေး ဝါးကူညီပေးရေးအဖွဲ့နှင့် ဂျာမန်ဆေးအကူအညီပေးရေးအဖွဲ့အားလုံးတို့သည် ၎င်းတို့ထံရောက် လာသော လူနာများကိုအရေးပေါ်ကုသမှုပေးပြီး၊ ထိုင်းဆေးရုံများထံ လွှဲပြောင်းပေးကြသည်။[၈၃]

တိုက်ပွဲဖြစ်နေသေးသောနေရာများမှ မိုင်းထိခိုက်မှုအပါအဝင် ဖျားနာခြင်းနှင့် စစ်ပွဲဒဏ် ရာရသူများအတွက် ကုသမှုအရည်အသွေးတိုးမြှင့်ပေးရန် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က

---

[၇၉] မပေါက်ကွဲပဲကျန်နေသောလက်နက်များကြောင့် သေဆုံးရပုံများကို ၂၀၀၃နှင့် ၂၀၀၄ခုနှစ် များအတွင်းပြုလုပ်သော မိုင်းအန္တရယ်ပညာပေးမှုသင်တန်းအတွင်း ပြုလုပ်သည့်စစ်တမ်းမှ မှတ်တမ်းများ ဖြစ်သည်။

[၈၀] အသေးစိတ်အချက်အလက်များအတွက် *၂၀၀၂ခုနှစ် မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေး အဖွဲ့အစီရင်ခံစာ* စာမျက်နှာ ၆၃၂–၆၃၄ တွင်ရှု။

[၈၁] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့၊ "မြန်မာနိုင်ငံ၏ စစ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်များ"၊ အထူးအစီရင်ခံစာ၊ ဩဂုတ်လ၊ ၂၀၀၂ ခုနှစ်။

[၈၂] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့၊ "မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်းပြဿနာ ဆန်း စစ်ချက်"၊ အဖွဲ့တွင်းအစီရင်ခံစာ၊ ၂၀၀၂ခုနှစ်။

[၈၃] အိမ်နီးချင်းနိုင်ငံများတွင် ဆေးကုသမှုရရှိခြင်းနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ထိုင်းဘာသာ နှင့်ထုတ်ဝေသော မြေမြှုပ်မိုင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့ အစီရင်ခံစာတွင်ရှု။

ကျေးလက်ဆေးခန်းများကို ၂၀၀၂ နှင့် ၂၀၀၃ ခုနှစ်များတွင် အကူအညီများပေးခဲ့သည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်များမှ ဆေးရုံ ၇ ခုကို ပြန်လည်ပြုပြင်ပေးခဲ့ပြီး၊ မွန်ဖူးအွန်တွင် ဆေးခန်းတခုတည်ဆောက်ပေးခဲ့သည်။ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံများမှ စစ်ပွဲဒဏ်ရာရသူများအတွက် ကုသစရိတ်ကိုလည်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က တာဝန်ယူပေးသည်။[၆၄] ၂၀၀၃ ခုနှစ်တွင် စစ်ပွဲဒဏ်ရာရသူ ၇၆ ဦးကို ထိုင်း သို့မဟုတ် မြန်မာနိုင်ငံတွင် ကုသပေးခဲ့သည်။ ထိုအထဲမှ ၇၀ ရာနှုန်းမှာ မိုင်းထိလူနာများဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် လူ ၂၀ ကုသပေးခဲ့ရာ ၁၅ ဦးမှာ မိုင်းဝေဒနာရှင်များဖြစ်သည်။[၆၅]

မိုင်းဝေဒနာရှင်များအနေဖြင့် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ရေးနှင့် ခြေတုလက်တုအကူအညီများကို အမျိုးသားပြန်လည်ပြုစုပျိုးထောင်ရေးဌာနများ မှတဆင့်ရရှိကြသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာကြက်ခြေနီ အဖွဲ့တို့နှင့်ပူးတွဲ၍ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ဇွန်လ ၁၉၉၉ ခုနှစ်တွင် လုပ်ငန်းစဉ်များပြန်စခဲ့သည်။ ခြေတုလက်တုထုတ်လုပ်ရေးဌာနများ ရန်ကုန်တွင် နှစ်ခုနှင့် မန္တလေး၊ ပြင်ဦးလွင်၊ ရေနံသာနှင့်ဖါးအံတို့တွင် တခုစီရှိကြသည်။ ကရင်ပြည်နယ် ဖါးအံဌာနကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့နှင့် မြန်မာကြက်ခြေနီအဖွဲ့တို့ ၂၀၀၂ ခုနှစ်တွင် ပူးတွဲဖွင့်လှစ်ခဲ့သည်။ ဌာနသစ်တွင် လာရောက်ကုသခံသူများမှာ ခြေတုလက်တုမရှိပဲ ၁၀ နှစ်ကျော်ကြာ နေခဲ့ရသူများဖြစ်သည်။ ထိုအထဲမှ ၇၃ ရာနှုန်းမှာ မိုင်းဝေဒနာရှင်များဖြစ်သည်။ Outreach Prosthetic Program အကူအညီပေးရေးအဖွဲ့က ၂၀၀၃ ခုနှစ်တွင် ခြေတုလက်တု ၇၂၄ ခုကို နယ်စပ်နှင့် အစွန်အဖြားဒေသများကို လွှဲပြောင်းပေးခဲ့သည်။ ခြေတုလက်တုများကို အခမဲ့ထောက်ပံ့ပေးသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ကလည်း ခြေတုလက်တုထုတ်လုပ်သော အတတ်ပညာများနှင့် ဆေးမှူးများအတွက် သင်တန်းများ ဆက်လက်စီစဉ်ပေးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဆေးဌာနတို့၏ အကူအညီဖြင့် ကမ္ဘောဒီယား ခြေတုလက်တုထုတ်လုပ်ရေးကျောင်းတွင် သုံးနှစ် သင်တန်းတက်ခဲ့သော အတတ်ပညာရှင်နှစ်ဦး ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလက တိုင်းပြည်ပြန်လာခဲ့သည်။ နောက်ထက်ခြောက်ဦး ထိုသင်တန်းတက်ရောက်နေပြီး၊ နှစ်ဦးမှာ ၂၀၀၄ ခုနှစ်အကုန်တွင် သင်တန်းပြီးဆုံးတော့မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့သည် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ်တွင် အစိုးရနှင့်လုပ်ကိုင်နေသည့် တခုတည်းသောအဖွဲ့ဖြစ်သည်။ ၁၉၉၉ ခုနှစ်မှစ၍ အ

---

[၆၄] အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၀၃ခုနှစ်"၊ ဂျီနီဗာ၊ ဇွန်လ ၂၀၀၄ခုနှစ်၊ စာမျက်နှာ ၁၄၆။ "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၀၂ခုနှစ်"၊ ဇွန်လ ၂၀၀၃ခုနှစ်၊ စာမျက်နှာ ၁၅၉။

[၆၅] ICRC ကိုယ်စားလှယ်အဖွဲ့မှ ပေးပို့သောစာ၊ ဖေဖေါ်ဝါရီ ၂၇ ရက်နှင့် ဧပြီလ ၁၉ ရက် ၂၀၀၄ခုနှစ်။ ICRC ကိုယ်စားလှယ်အဖွဲ့ဝင် Marcus Geisser နှင့်တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ၊ ဒီဇင်ဘာ ၃၁ ရက်၊ ၂၀၀၂ ခုနှစ်။

ပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ထောက်ပံ့ထားသောဌာနများမှ ခြေတုလက်တု ၇၁၃၈ ခု (၄၆၈၂ ခုမှာ မိုင်းဝေဒနာရှင်များအတွက်)နှင့် ဂျိုင်းထောက် ၂၉၇၂ခု ထုတ်လုပ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တနှစ်ထည်း ခြေတုလက်တု ၂၁၇၇ (၁၅၂၇ ခုမှာ မိုင်းဝေဒနာရှင်များအတွက်)နှင့် ဂျိုင်းထောက် ၁၉၂၂ ခုထုတ်လုပ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က ခြေတုလက်တုများ ထောက်ပံ့ပေးရသောနိုင်ငံများကိုနှိုင်းယှဉ်လျှင် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် မြန်မာနိုင်ငံမှာ ဒုတိယနေရာ၌ရှိသည်။[၈၆]

ထိုင်းနိုင်ငံ ခြေတုလက်တုဖေါင်ဒေးရှင်းက ခြေတုလက်တုအလုပ်ရုံဆွေးနွေးပွဲတရပ်ကို မြန်မာနိုင်ငံ ရှမ်းပြည်နယ် တာချီလိတ်မြို့၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၇–၂၃ ရက်များအတွင်း ကျင်းပခဲ့သည်။ ထို့နောက် မိုင်းဝေဒနာရှင်အများစုဖြစ်သော စစ်ပွဲဒဏ်ရာရသူ ၁၈၄ ယောက်အတွက် ခြေတုလက်တု ၃၀၀ တပ်ဆင်ပေးခဲ့သည်။[၈၇]

မြန်မာနိုင်ငံမှ မသန်မစွမ်းများအတွက် တသီးပုဂ္ဂလအဖွဲ့များက သက်မွေးဝမ်းကြောင်းပညာ သင်တန်းများ ပို့ချပေးခဲ့သည်။ ရန်ကုန်ရှိ ဂျပန်ကူညီပေးရေးအဖွဲ့က စက်ချုပ်နှင့် ဆံသ သင်တန်းများကို ၂၀၀၀ ခုနှစ်၊ မတ်လကတည်းကပို့ချပေးလာခဲ့ရာ မြေမြှုပ်မိုင်းဝေဒနာရှင် ၄၈ ဦးအပါအဝင် ၂၉၁ ဦးတက်ရောက်ခဲ့ပြီးဖြစ်သည်။[၈၈] မြန်မာနိုင်ငံခရစ်ယန်အသင်းကလည်း ပြည်နယ်နှင့်တိုင်းအသီးသီးတွင် မသန်မစွမ်းများအတွက် သက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ပို့ချပေးလျက်ရှိရာ တက်ရောက်သူတချို့မှာ မိုင်းဝေဒနာရှင်များဖြစ်သည်။

တိုင်းရင်းသားအဖွဲ့များ ထိမ်းချုပ်မှုရှိသော သို့မဟုတ် ဝင်ထွက်သွားလာနိုင်သော နယ်စပ်နှင့်နီးစပ်သည့်ဒေသများတွင် ကနဦးဆေးကုသပေးမှုကို တိုင်းရင်းသားဆေးဌာနများက ပြုလုပ်ပေးသည်။ တိုင်းရင်းသားအဖွဲ့များ ထိမ်းချုပ်ထားသောနယ်မြေများတွင် အရပ်သားကျန်းမာရေးဌာနများမှ ကနဦးဆေးကုသမှုရရှိသူ အရပ်သားနှင့်စစ်ဘက် မိုင်းဝေဒနာရှင်များမှာ ၇ ရာနှုံးရှိကြောင်း အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့ စစ်တမ်းအရ သိရသည်။[၈၉] နယ်လှည့်ကျန်းမာရေးလုပ်သားများအဖွဲ့ (BPHWT) က မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊

---

[၈၆] အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ ရုပ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ရေးအစီအစဉ်၊ “၂၀၀၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ”၊ မတ်လ ၉ရက်၊ ၂၀၀၄ ခုနှစ်။ စာမျက်နှာ ၁၃၊ ၁၈–၂၀နှင့် ၂၆။ “၂၀၀၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ”၊ ဇွန်လ ၂၀၀၃ ခုနှစ်။ “၂၀၀၁ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ”၊ ဧပြီလ ၁၄ ရက်၊ ၂၀၀၂ခုနှစ်။ “၂၀၀၀ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ”၊ မတ်လ ၃၁ရက်၊ ၂၀၀၁ ခုနှစ်။

[၈၇] ဇန်နဝါရီလ ၂၃ ရက်၊ ၂၀၀၄ခုနှစ်က ထုတ်လွှင့်ခဲ့သော ရုပ်မြင်သံကြားသတင်း။ ထိုသတင်းကိုအခြေခံ၍ ခြေတုလက်တုဖေါင်ဒေးရှင်းမှ ကရိုင်ယန်လစ်–ဆွတ်ချိုရိုဆင် နှင့် တွေ့ဆုံမေးမြန်းခြင်း။

[၈၈] ဂျပန်အကူညီပေးရေးအဖွဲ့ Association for Aid and Relief မှ fax ပြန်ကြားစာ၊ နိုဝင်ဘာလ ၂၈ ရက်၊ ၂၀၀၃ ခုနှစ်။

[၈၉] အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်လှုပ်ရှားမှုအဖွဲ့၊ “မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်းပြသနာ ဆန်းစစ်ချက်”၊ သုတေသနပြုချက်တွင် မိုင်းဝေဒနာရှင် ၁၉၂ ယောက်နှင့် တွေ့ဆုံမေးမြန်းခြင်းလည်းပါဝင်သည်။

ရှမ်းပြည်နယ်များမှ အစိုးရထိန်းချုပ်မှုမရှိသည့်နယ်မြေများတွင် ဆေးကုသပေးလျက်ရှိသည်။ အရေးပေါ်ကုသမှုပေးရေးနှင့် မိုင်းဝေဒနာရှင်များအပါအဝင် ခြေတုလက်တုတပ်ဆင်ပေးရေး ကိစ္စအပါအဝင် လူထုကျန်းမာရေးပညာပေးမှုများကို လုပ်ဆောင်လျက်ရှိသည်။[၁၀၀]

စစ်ပွဲဒဏ်ရာရသူများကို ဆေးရုံမတင်မီ ကယ်တင်ကုသပေးနိုင်ရန်အတွက် အချင်းချင်းကယ်ဆယ်ရေး ကွန်ယက်တခုကို နယက ထိန်းချုပ်မှုမရှိသော မြန်မာပြည်တွင်း နယ်မြေများတွင် မြန်မာနိုင်ငံစိတ်ဝေဒနာရှင်များ ပျိုးထောင်ရေးအဖွဲ့ (TCFB) ကတည်ထောင်ထားသည်။ ၂၀၀၁ ခုနှစ်မှစ၍ အနည်းဆုံး ၇၇၄ ယောက် ကျေးလက်ရှေးဦးသူနာပြုသင်တန်း (VFH) များ တက်ရောက်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံစိတ်ဝေဒနာရှင်များပျိုးထောင်ရေးအဖွဲ့ထံ ရောက်လာသော စစ်ပွဲဒဏ်ရာရမှုများအနက်မှ ၅၂ ရာနှုန်းအထိကို ကျေးလက်ရှေးဦးသူနာပြုသင်တန်း အောင်မြင်ပြီးသူများက ကုသမှုပေးခဲ့ရသည်ဟုဆိုသည်။ ၂၀၀၁ ခုနှစ်ကမူ ၁၅ ရာနှုန်းမျှသာဖြစ်သည်။ ပဋိပက္ခဖြစ်နယ်မြေများတွင် တာဝန်ထမ်းဆောင်နေသော ဆေးမှူးများအတွက် အခြေခံ သက်ကယ်သင်တန်းနှင့် အဆင့်မြင့်သက်ကယ်သင်တန်းများကိုလည်း မြန်မာနိုင်ငံစိတ်ဝေဒနာရှင်များ ပျိုးထောင်ရေးအဖွဲ့က ပို့ချပေးခဲ့သည်။ ၂၀၀၁ ခုနှစ်မှစ၍ ၃၉၇ ဦးအခြေခံသင်တန်း၊ ၄၁ ဦးမှာ အဆင့်မြင့်သင်တန်း အသီးသီးတက်ရောက်ခဲ့ကြသည်။ ထိုသူများက ကျေးလက်ရှေးဦးသူနာပြုသင်တန်းများနှင့် အခြေခံနည်းနာများကို ပြန်လည်ပို့ချနိုင်ခဲ့ကြသည်။[၁၀၁]

ဆေးကုသမှုမှာ လိုအပ်သောအချိန်တွင် နယ်လှည့်ဆေးမှူးအဖွဲ့ နယ်မြေအတွင်းရှိမရှိ အပေါ်မူတည်နေသဖြင့် ဆေးကုသမှုရရှိရေးအခြေအနေတခုလုံးကို ခန့်မှန်းရန်မလွယ်ကူပေ။ ပြည်တွင်းစစ်ဖြစ်နေသောနိုင်ငံတခုအဖို့ အရည်အချင်းပြည့်ဝသော ဆေးကုသမှုဆိုသည်မှာ ခက်ခဲသော ကိစ္စဖြစ်သည်။ မြေမြှုပ်မိုင်းအန္တရာယ်ရှိနေသဖြင့် ထိုင်း–မြန်မာနယ်စပ် ဒုက္ခသည်စခန်းများတွင် လုပ်ကိုင်နေသာ ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် နယ်စပ်ကျော်ဖြတ်ကာ ဆေးဝါးအကူအညီပေးခြင်းတွင် ပါဝင်ပတ်သက်မှုမရှိပေ။[၁၀၂]

---

[၁၀၀] စုစုပေါင်းအဖွဲ့ငယ် ၆၀ ပါဝင်သည့် နယ်လှည့်ကျန်းမာရေးလုပ်သားများအဖွဲ့သည် မယ်တော်ဆေးခန်း ပြင်ပလုပ်ငန်းအဖွဲ့ဖြစ်ပြီး ကျောပိုးအိတ်ထဲတွင် ဆေးဝါး၊ အစားအစာနှင့် အရေးပေါ်ကုသပေးနိုင်သည့် ကရိယာများသယ်ဆောင်ကာ တိုင်းရင်းသားထိန်းချုပ်နယ်မြေများတွင် လှည့်လည်ဆေးကုသပေးနေသော အဖွဲ့များဖြစ်သည်။

[၁၀၁] စိတ်ဝေဒနာရှင်များပျိုးထောင်ရေးအဖွဲ့၊ "မြန်မာနိုင်ငံ၊ ဆေးရုံမတင်မီ အသက်ကယ်ရေး အစီအစဉ်နှင့် စိတ်ဝေဒနာရှင်များအား စီမံခန့်ခွဲရေးဆိုင်ရာအစီအစဉ် အစီရင်ခံစာ"၊ မြန်မာနိုင်ငံ စိတ်ဝေဒနာရှင်များ ပျိုးထောင်ရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ၊ ဒီဇင်ဘာလ ၃၁ရက်၊ ၂၀၀၂ ခုနှစ်။

[၁၀၂] အိမ်ယာပျောက်နေသူများ (Displaced Persons) အား အကူအညီပေးရေးအစည်းအဝေးတခုတွင် နယ်ခြားမဲ့ဆရာဝန်များအဖွဲ့ကိုယ်စားလှယ်၏ ပြောကြားချက်၊ ထိုင်းနိုင်ငံ၊ မတ်လ ၁၃ရက်၊ ၂၀၀၂ ခုနှစ်။

အိမ်ယာပျောက်နေသူများအားအကူအညီပေးရေး ကရင်ကော်မတီက ကရင်ပြည်နယ်ကိုခေးနယ်မြေတွင်ရှိသော ခြေတုလက်တုထုတ်လုပ်ရေးဌာနကို ဆက်လက်ကူညီပေးနေသည်။ နယ်လှည့်ကျန်းမာရေးလုပ်သားများအဖွဲ့ကလည်း မိုင်းဝေဒနာရှင်တချို့ကို ထိုခြေတုလက်တု ဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

## မသန်းမစွမ်းသူးများဆိုင်ရာပေါ်လစီနှင့် လက်တွေ့အကောင်အထည်ဖေါ်မှု

မြန်မာနိုင်ငံတွင် မသန်မစွမ်းသူများအား ကူညီပေးရေးနှင့်ပတ်သက်၍ ပေါ်လစီမရှိပေ။ ပေါ်လစီရှိသည်ဟု တချို့ကပြောသော်လည်း မသန်မစွမ်းသူများကို တာဝန်ယူပေးရသူများကပင် ထိုပေါ်လစီအတိအကျကို မပြောပြနိုင်ပေ။ ပထမဦးဆုံးဖြစ်သည့် မသန်မစွမ်းသူများဆိုင်ရာ နှီးနှော ဖလှယ်ပွဲတခုကို ထိုင်းနိုင်ငံမသန်မစွမ်းသူများအဖွဲ့က ဖေဖေါ်ဝါရီလ၊ ၂၀၀၂ ခုနှစ်က ရန်ကုန်တွင် ကျင်းပပေးခဲ့သည်။ မသန်မစွမ်းသူများနှင့်ပတ်သက်သည့်ပေါ်လစီမရှိခြင်း သို့မဟုတ် လက်တွေ့ အကောင်အထည်မဖေါ်နိုင်ခြင်းတို့ကြောင့် အစိုးရအနေနှင့် မသန်မစွမ်းသူများဆိုင်ရာ ဥပဒေများ ချမှတ်အကောင်အထည်ဖေါ်ရေးတောင်းဆိုထားသည့် ကြေညာချက်တရပ် ထုတ်ပြန်ခဲ့သည်။[၁၀၃]

---

[၁၀၃] မြန်မာဘာသာဖြင့်ရေးသားထားသော ထိုကြေညာချက်ကို အစိုးရထံပေးပို့ခဲ့သည်။ မသန်မစွမ်းသူများဆိုင်ရာ ဥပဒေတရပ်ပြဋ္ဌာန်းရေးကို ကြိုဆိုထောက်ခံကြောင်း ထိုကြေညာချက်တွင်ဖေါ်ပြထားသည်။ အပြည်ပြည်ဆိုင်ရာမသန်မစွမ်းသူများအဖွဲ့–အာရှပစိဖိတ်ဒေသ တာဝန်ခံ တွန်ပန်း–ကူကန်ချစ် ၏ ပြောပြချက်၊ ဇွန်လ ၁၂ ရက်၊ ၂၀၀၃ခုနှစ်။